# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၀၃)


# ဂျော်ဒန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။ သတင်းစဉ်

နေပြည်တော် ဇူလိုင် ၃၁

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည် ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဂျော်ဒန်နိုင်ငံတွင် အကြောင်း အမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၁ ဦးအား မြန်မာသံရုံး တဲလ်အဗီးမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယ အကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၂ ❏

# ကျောက်တံတားမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ တပ်ဆင်စေရေး ပြည်သူများအား အသိပညာပေးလှုံ့ဆော်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်စေရေး ပြည်သူများအား အသိပညာပေးလှုံ့ဆော်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မင်းမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❇

## ယနေ့ မာတိကာ


အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၆၀ သန်းရှိ လှည်းကူးစက်မှု ဥယျာဉ်မြို့တော်စီမံကိန်းလုပ်ငန်း အပါအဝင် အခြားလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြု — စာ ၃

ရွက်နုစိမ်းစို သစ်ပင်အို — စာ ၆

ဂျပန်အစိုးရက နိုင်ငံခြားသား နေထိုင်သူများကို ဩဂုတ် ၅ ရက် မှစပြီး ပြန်လည်လက်ခံမည် — စာ ၁၂

သမ္မတရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် ထရမ့်အကြံပြုပြောကြား — စာ ၁၃


# ဒလနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်ချင်းဆက်သွယ်မည့် တွံတေးတူးမြောင်းကူး တံတားတည်ဆောက်မည်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့သို့ ဆက်သွယ်မည့် တွံတေး တူးမြောင်းကူး တံတားတစ်စင်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာ ရေးနှစ်မှစတင်ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင် အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ဆိပ်ကြီးခနောင်တို မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း က “ ဆိပ်ကြီးခနောင်တိုမြို့နဲ့ ဒလမြို့နယ်ချင်း ဆက်သွယ် ပေးမယ့် တွံတေးတူးမြောင်းကူး တံတားကြီးက ဆိပ်ကြီး ခနောင်တိုမြို့နယ်သားတွေအတွက် မဖြစ်မနေလိုအပ် ပါတယ်။ မြို့နယ်မှာ ရပ်ကွက်ပေါင်း ကိုးရပ်ကွက်ရှိပြီး အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော်၊ လူဦးရေ စုစုပေါင်း ၃၀၀၀၀ ကျော် နေထိုင်ပါတယ်။ ရန်ကုန်မြို့ကို သွားလာ ရာမှာလည်း စက်တပ်သမ္ဗန်စီးပြီး သွားလာနေရ တာဖြစ်တယ်။ ဒေသခံပြည်သူတွေရဲ့ ရေသန့်ရရှိမှုက

စာမျက်နှာ ၇ ကော်လံ ၁ ◆



တွံတေးတူးမြောင်းကို တွေ့ရစဉ်။

မြန်မာ့အလင်း

# ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်

ကိုဗစ်-၁၉ အလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ ပိုမိုဖော်ဆောင်နိုင်ရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို Video Conference စနစ်ဖြင့် ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ရာ ဂျပန်စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖိုရမ်တွင် ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုနေရာတစ်ခုဖြစ်ကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံနိုင်မည့် နေရာသစ်တစ်ခုအဖြစ် ခံစားမိကြပါကြောင်း ပြောကြားခဲ့သလို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်နေမှုနှင့် ရန်ကုန် အနောက်ပိုင်းစက်မှုဇုန် တည်ဆောက်ရေးစီမံကိန်းသစ်နှင့် မွန်ပြည်နယ်တွင် အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်သစ်တို့ကိုပါ ဂျပန်လုပ်ငန်းရှင်များအား ထည့်သွင်းပြောကြားခဲ့သည်။ ဇူလိုင် ၃၁ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၂၀) အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၆၂ ဒသမ ၆၉၃ သန်းရှိပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၆၆၂ နေရာကို ဖန်တီးပေးနိုင်မည့် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အဦကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ် ခုနစ်ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များက မြန်မာနိုင်ငံကို ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူများ၏ စိတ်ဝင်စားမှု၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်နေမှုတို့ကို ဖော်ပြနေခြင်းဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံဖွံ့ဖြိုးရေးတွင် အဓိကအရေးပါသည့်အလျောက် နိုင်ငံတိုင်းက ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင် ဖိတ်ခေါ်နေကြသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်မှာလည်း ရေ၊ မြေပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများကောင်းမွန်မှု၊ ဥပဒေအကာအကွယ်ပေးမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုတို့အပြင် ကျွမ်းကျင်အလုပ်သမားဈေးကွက်ပြည့်စုံမှုလည်း လိုအပ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအများအပြားဝင်ရောက်လာသည်နှင့်အမျှ ကျွမ်းကျင်အလုပ်သမားလိုအပ်ချက်များလည်း ပိုမိုကြီးမားလာမည်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မဝေးလှသည့်အနာဂတ်တွင် လိုအပ်လာမည့် ကျွမ်းကျင်အလုပ်သမားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များကို အချိန်အခါကိုက်ညီစွာဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်သည်။

ယင်းသို့ လေ့ကျင့်သင်ကြားပေးရာတွင်လည်း ရင်းနှီးမြှုပ်နှံမှုပြုမည့် လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှုလိုအပ်ချက်၊ ဒေသတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းများအလိုက် လိုအပ်ချက်များနှင့်အညီ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည့်အပြင် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည့်အဆင့်ထိ ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်ပေးထားရမည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံရာတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ပြည့်စုံအောင် ထောက်ပံ့ပေးနိုင်ခြင်းအားဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုရော မိမိနိုင်ငံအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေအချိုးအစားမြင့်မားသည့်အတွက် လူဦးရေဆုလာဘ်ဟုပင် ဆိုထားသည်။ သို့ရာတွင် အရေအတွက်မျှသာမဟုတ်ဘဲ အရည်အသွေးမြင့်မားမှသာ တကယ့်ဆုလာဘ်ဟု ဆိုနိုင်မည်ဖြစ်ရာ တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာအောင် အရင်းအနှီးပြု လေ့ကျင့်ပျိုးထောင်မှုများ အရှိန်အဟုန်မြှင့် ပြုလုပ်ပေးရန်နှင့် လုပ်ငန်းခွင်ဝင်ရောက်မည့် အသက်အရွယ် လူငယ်မောင်မယ်တိုင်းကလည်း မိမိကိုယ်ကို ကျွမ်းကျင်မှု အဆင့်မြှင့်တင်ကြကာ မြင့်မားသည့်ဘဝများ ထူထောင်နိုင်ကြပါစေကြောင်း။ ။

## လားရှိုးမြို့နယ်မှ ပြည်သူများသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများပေးအပ်

**လားရှိုး ဇူလိုင် ၃၁**

ရှမ်းပြည်နယ် လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးစုမှ တောင်သူ ၁၆၅ ဦးထံသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များနှင့် ကျေးရွာအုပ်စု ခြောက်စုမှ ပြည်သူများအတွက် မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းနှင့် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က နောင်မွန်ကျေးရွာမှ လယ်သမားများအတွက် ပုံစံ(၇) ၈၇ ခု၊ ဆုံကွယ်ကျေးရွာအုပ်စုမှ လယ်သမားများအတွက် ပုံစံ(၇) ၁၃ ခု၊ မန်းပွဲကျေးရွာအုပ်စုမှ လယ်သမားများအတွက် ပုံစံ(၇) ၃၃ ခုနှင့် ကုန်းမုံကျေးရွာအုပ်စုမှ လယ်သမားများအတွက် ပုံစံ (၇) ၃၂ ခုတို့ကို ပေးအပ်သည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် သက်ကြီးအနုပညာရှင်တစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် ကျေးရွာအုပ်စု ခြောက်စုမှ ဒေသခံပြည်သူများအတွက် ပြုလုပ်ပေးခဲ့သော အသက် (၁၈) နှစ်ပြည့် မှတ်ပုံတင် ၃၁၅ ခုနှင့် အိမ်ထောင်စုဇယား ၇၀ တို့ကိုလည်း ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူများထံ ဆက်လက်ပေးအပ်ခဲ့သည့်အပြင် လားရှိုးမြို့ရှိ သက်ကြီးအနုပညာရှင် ဘိုးဘွား ၃၀ တို့ကိုလည်း တစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲတစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟန်ဌေး (လားရှိုး)

## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မုံရွာ - ပုလဲ - ဂန့်ဂေါလမ်း၊ ဟားခါး - မှန်တော - မင်းကင်းလမ်းနှင့် ဂန့်ဂေါ - ကလေးလမ်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့တွင် မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းမိုင် (၁၀/၄) နှင့် (၁၀/၅) ကြားတွင် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို လည်းကောင်း၊ မိုင် (၃၄/၀) နှင့် (၃၄/၁) ကြားတွင် မူလ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်ချဲ့၍ ၁၈ ပေအကျယ် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေပြင်အခြေအနေနှင့် ကိုက်ညီမည့် လမ်းလွှာဒီဇိုင်းပုံစံကို အတည်ပြုဆုံးဖြတ်ပေးပြီး သတ်မှတ်ပုံစံအတိုင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။ အဆိုပါ လမ်းတစ်လျှောက် ကတ္တရာလမ်းချဲ့ခြင်း၊ ၂၄ ပေအကျယ် ကွန်ကရစ်ခင်းခြင်းနှင့် Permanent Side Drain များ တည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟားခါး-မှန်တော-မင်းကင်း လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ မိုင် (၆၂/၂) ရှိ လှည်းစခန်း ယာယီရှင်းလင်းဆောင်တွင် အဆိုပါ လမ်းဖောက်လုပ်ရေးတာဝန်ခံက လမ်း Alignmenti လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်း၏ Cutting & Filling ပိုင်းများအတွက် Road Profile များကို ဆုံးဖြတ်ပေးကာ မိုင် (၆၄/၀) အနီးတွင် စက်ယန္တရားကြီးများဖြင့် လမ်းတာပေါင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဟားခါး-မှန်တော-မင်းကင်းလမ်းသည် ဟားခါးမှ မှန်တောအထိ ၆၆ မိုင် ၇ ဖာလုံရှိရာ ယခုအခါ ၃၄ ပေအကျယ် မြေသားလမ်း ၉၀ ရာခိုင်နှုန်း ခန့်ပြီးစီးနေပြီး မှန်တောမှ မင်းကင်းအထိ လမ်းအူကြောင်းများ ရှာဖွေနေကာ လာမည့်နှစ်များတွင် မြေသားလမ်းအား ဆက်လက်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဂန့်ဂေါ - ကလေး လမ်းတစ်လျှောက် လမ်းအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး မိုင် (၅၁/၃) ရှိ မဏိပူရမြစ်ပေါ်တွင် တံတားအထူးအဖွဲ့ (၅) မှ တာဝန်ယူတည်ဆောက်နေသော ကမ္ဘာ့ားနီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ဒုတိယဝန်ကြီးက တံတား Foundation ပိုင်းနှင့် ပတ်သက်၍ လည်းကောင်း၊ Cap & Shaft လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း အတည်ပြုဆုံးဖြတ်ပေးသည်။

ကမ္ဘာ့ားနီတံတားသည် အရှည် ၆၂၅ ပေ၊ အကျယ် ၂၈ ပေရှိပြီး Bored Pile အုတ်မြစ်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစား ဖြစ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းတစ်လျှောက် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့ကရိတ်ခရိုင်အတွင်း CERP အစီအစဉ်အရ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**ကော့ကရိတ် ဇူလိုင် ၃၁**

ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော Covid-19 Economic Relief Plan CERP အရ Action Plan အဖြစ် ငါးမွေးမြူရေးလုပ်ငန်းများ ဦးမော့လာစေရေးအတွက် ကော့ကရိတ်ခရိုင်အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျုံဒိုးငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ကော့ကရိတ်ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးမွေးတောင်သူများ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးအေးဇော်က CERP အရ ငါးသားပေါက် ဖြန့်ဖြူးပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ကော့ကရိတ်ခရိုင်အတွင်းရှိ ငါးမွေးတောင်သူ ၃၄ ဦး၏ ငါးမွေးကန်



၇၄ ဒသမ ၂၆ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၁၄၈၅၂၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြတ်မွန်စေတနာ လူမှုကူညီရေး (နာရေး) အသင်းသို့ မော်တော်ယာဉ် တစ်စီး ပေးအပ်လှူဒါန်း

**သီပေါ ဇူလိုင် ၃၁** - ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာ လူမှုကူညီရေး(နာရေး)အသင်းသို့ အရေးပေါ်အသုံးပြုရန် မော်တော်ယာဉ်ငယ်တစ်စီး ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် သီပေါပန်းတိမ်မြောက်ရပ်ကွက်မှ “အိုကေ” မုန့်ဆိုင်မိသားစုက ဘိုးဘွားမိဘများအား ရည်စူး၍ မော်တော်ယာဉ်တစ်စီး လှူဒါန်းခြင်းအကြောင်းကို ပြောကြားပြီး မြတ်မွန်စေတနာ လူမှုကူညီရေး(နာရေး)အသင်းဥက္ကဋ္ဌ ဦးစောနိုင်ထံသို့ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းကာ အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ပြည်သူသာလျှင် အဓိက

## အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၆၀ သန်းရှိ လှည်းကူးစက်မှုဥယျာဉ်မြို့တော် စီမံကိန်းလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြု

ရန်ကုန် ဇူလိုင် ၃၁

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင်၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လုပ်ငန်းခုနစ်ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အဦကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ်ခုနစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၆၂ ဒသမ ၆၉၃ သန်းနှင့် ငွေကျပ် ၇၃၂၀၆ ဒသမ ၅ သန်း ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၆၆၂ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် စင်ကာပူနိုင်ငံ Sembcorp CSSD Myanmar Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၆၀ သန်းတန်ဖိုးရှိ လှည်းကူးစက်မှုဥယျာဉ် မြို့တော်စီမံကိန်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၁၈၀ ရင်းနှီးမြှုပ်နှံမည့် လုပ်သားအင်အား ၂၃၀၀ ကျော် ဖန်တီးပေးနိုင်သော AEON Large Scale Shopping Mall လုပ်ငန်းတို့ ပါဝင်သည်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများ ရှိသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ သာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လက်ခံရရှိထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း ဆောလျင်စွာ စိစစ်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံ/ ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

## သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ရန်ကုန်မြို့တွင်း မော်တော်ယာဉ်များဖြင့် ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၃၁**

ခါတုပိုးမွှားကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းက မော်တော်ယာဉ်များဖြင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စံပြင်မိုးရိပ်ဈေးသို့ လာရောက်ရောင်းချပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က “ကျွန်တော်လာအားပေးတာပါ။ အခက်အခဲရှိရင် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကတော့ ပြည်တွင်းပြည်ပကုန်သွယ်ရေးကို တာဝန်ယူရပါတယ်။ ဈေးကွက်လိုက်ရှာပေးတယ်။ တတ်နိုင်သမျှ နိုင်ငံတကာကို တင်ပို့နိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဒီလိုရောင်းချနိုင်အောင် သက်ဆိုင်ရာဌာနအားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးတာပါ။ ပြည်ပတင်ပို့နိုင်အောင် ဖရဲ၊ သခွားဆို တရုတ်ပြည်နဲ့ ဆွေးနွေးတယ်။ ပြောင်းဆိုရင်လည်း ထိုင်းနဲ့ ဆွေးနွေးတယ်။ ဆန်ဆိုရင် ဖိလစ်ပိုင်တို့နဲ့ ဆွေးနွေးတယ်။ ပြည်တွင်းမှာ ရောင်းချတာပဲဖြစ်ဖြစ်၊ နိုင်ငံတကာ ပို့တာပဲဖြစ်ဖြစ် စားသုံးသူအတွက် သန့်ရှင်းလတ်ဆတ်တဲ့ ပစ္စည်းတွေ ရောင်းချဖို့အတွက် တောင်သူတွေကို စိုက်ပျိုးရေးဘက်က ပညာပေးတာတွေရှိသလို ကျွန်တော်တို့ ဌာနဘက်ကလည်း ပိုးမွှားကင်းတဲ့ပစ္စည်းတွေ ထုတ်လုပ်ရောင်းချဖို့ တံဆိပ်ကပ်ဖို့ ပညာပေးဆောင်ရွက်နေတာတွေ ရှိပါတယ်” ဟု ပြောသည်။

ခါတု၊ ပိုးမွှားကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရန်ကုန်မြို့တွင်း ရောင်းချနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မော်တော်ယာဉ် တင်သွင်းသူများအသင်းကလည်း ပံ့ပိုးကူညီပေးခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းအနေဖြင့် ကိုဗစ်ကာလအတွင်း “တောင်သူကိုကူ ပြည်သူကိုလှူ” ဆောင်ပုဒ်နှင့်အညီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပြည်သူများ လက်ဝယ်သို့ အခမဲ့ပေးဝေခြင်း၊ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က “တောင်သူဈေးကားဆိုပြီး ထွက်တာပါ။ ပထမဆုံး ကိုဗစ်ကာလမှာ နယ်တွေမှာ အသွားအလာတွေ ကန့်သတ်လိုက်တဲ့အခါကျတော့ ကုန်စည်စီးဆင်းမှုတွေ ရပ်သွားတယ်။ ဟိုမှာရှိတဲ့ သီးနှံတွေ အရောင်းအဝယ်မရှိတော့ဘူး။ ဒါပေမယ့် ရန်ကုန်မြို့မှာလည်း စားသုံးသူ လိုအပ်ချက်တွေရှိနေတယ်။ တောင်သူကိုကူ ပြည်သူကိုလှူ ဆောင်ပုဒ်အတိုင်း ပထမဦးဆုံး နယ်မှာရှိတဲ့ ဟင်းသီးဟင်းရွက်သစ်သီးတွေကို လှူဒါန်းတဲ့သူရဲ့အကူအညီနဲ့ ဒီကို သယ်တယ်။ ကျွန်တော်တို့ ရပ်ကွက်တွေလိုက်ပြီး လှူတာတွေရှိတယ်။ နောက်ပြီး ဈေးနှုန်းချိုသာစွာနဲ့ ရောင်းပေးခဲ့တယ်။ ရောင်းလိုက်တဲ့အခါကျတော့ ရောင်းလို့ရတဲ့ ငွေကြေးတွေကိုလည်း တောင်သူတွေဆီ ပြန်ပို့ပေးတယ်။ လိုအပ်ချက်တွေရှိတယ်ဆိုပြီး သိလာတဲ့အခါကျတော့ ဈေးကားနဲ့ ရောင်းချဖို့ စီစဉ်လိုက်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းက ဇူလိုင် ၁၁ ရက်မှစတင်ကာ ရန်ကုန်မြို့တွင်းသို့ မော်တော်ယာဉ်နှစ်စီးဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးလျက်ရှိရာမှ မော်တော်ယာဉ်ခုနစ်စီးဖြင့် တိုးချဲ့ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

“ရန်ကုန်မြို့တော်စည်ပင်သာယာရဲ့ခွင့်ပြုချက်နဲ့ မော်တော်ယာဉ်ခုနစ်စီးရပါပြီ။ အခုလောလောဆယ်တော့ မော်တော်ယာဉ်နှစ်စီးနဲ့ စမ်းသပ်ပြီး နယ်ပေါင်းစုံက တောင်သူတွေရဲ့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တွေကို ရောင်းချပေးနေပါတယ်။ အတိုင်းအတာအနေနဲ့ပြောရရင် အားလုံးကိုတော့ မလွှမ်းခြုံနိုင်သေးဘူးပေါ့။ အထိုက်အလျောက် တောင်သူတွေအတွက် လုပ်ပေးနိုင်တယ်။ စားသုံးသူတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနိုင်တဲ့ အခါကျတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်။ အခုဆိုရင် တောင်သူဈေးကားခုနစ်စီးနဲ့ ရောင်းချပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်” ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

နယ်ပေါင်းစုံမှလာသည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုရန်ကုန်မြို့ စက်ဆန်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် ဂိုဒေါင်နှစ်လုံးတွင် ထားရှိသွားမည်ဖြစ်ပြီး ခါတု၊ ပိုးမွှားသန့်စင်သည့် စက်များဖြင့် ဆေးကြောသန့်စင်မှုများ ပြုလုပ်ကာ စားသုံးသူပြည်သူများ အန္တရာယ်ကင်းစွာ ဝယ်ယူစားသုံးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ကိုဗစ်ကာလတွင် ပြည်ပသို့ ဖရဲ၊ သခွားတင်ပို့ရာတွင် ထိခိုက်မှုရှိခဲ့သော်လည်း သရက်သီးတင်ပို့မှုတွင် ယခင်က စင်ကာပူနိုင်ငံသို့ သရက်သီးတန်ချိန်တစ်ရာခန့်သာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ် ကိုဗစ်ကာလတွင် စင်ကာပူနိုင်ငံသို့ သရက်သီးတန်ချိန် ၅၀၀ ခန့်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ သိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနပိုင် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန်  ဇူလိုင်  ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနမှ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် (၃၇၉/၃၈၃) ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၏ သုံးထပ်အဆောက်အအုံကို လည်းကောင်း**(ယာပုံ)**၊ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်(၃၉၂/၃၉၆)ရှိ ဂါးဒီးယန်းသတင်းစာတိုက်ဟောင်း နှစ်ထပ်အဆောက်အအုံကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် ပဒုမ္မာလမ်းရှိ ဗဟိုပုံနှိပ်တိုက်ခွဲ ပင်မစက်ရုံအဆောက်အအုံ၊ စာအုပ်ချုပ်ဂိုဒေါင်နှင့် အုတ်ညှပ် သွပ်မိုးနှစ်ထပ် လူနေအဆောက်အအုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဌာနပိုင်အဆောက်အအုံများကို စနစ်တကျ ပြင်ဆင်ထိန်းသိမ်းရန်နှင့် ပြုပြင်မွမ်းမံပြီး အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော်  ဇူလိုင်  ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ပြည်ပပို့ကုန်ပြခန်း အတွင်း ပြည်တွင်းမှထုတ်လုပ်ထားသော တန်ဖိုးမြင့်ပြည်ပပို့ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများက လိုက်လံရှင်းပြခဲ့သည်။



ယင်းနောက် အဆောက်အအုံပထမထပ်ရှိ ပြည်ပနိုင်ငံများမှ ကုန်သွယ်မှုဆိုင်ရာ ကိုယ်စားလှယ်ရုံးခန်းများ ပြုပြင်တည်ဆောက်နေမှုနှင့် Multifunction Hall ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းအုပ်စု (၁၁) ဝင်းအတွင်း ဖွင့်လှစ်ထားသည့် မြန်မာသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ဟင်းသီးဟင်းရွက် Online စနစ်ဖြင့် လက်လီလက်ကားရောင်းဝယ်ရေးသို့ ရောက်ရှိပြီး အသင်း၏ အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နေမှု၊ Online စနစ်ဖြင့် လက်လီလက်ကားရောင်းချနေမှုများအား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက ပြည်တွင်းမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များအား High Value ပို့ကုန်အဖြစ် လေကြောင်းလိုင်းများဖြင့် ချိတ်ဆက်၍ တင်ပို့နိုင်ရေးနှင့် စားဖိုချောင်သုံး ဟင်းသီးဟင်းရွက်နှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများအား လိုအပ်လျက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ကြိုးစားစီစဉ်ဆောင်ရွက်စေလိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ဆန်းရပ်ကွက်ရှိ MAKRO Shopping Mall သို့ ရောက်ရှိပြီး ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးသီးနှံများ၊ အသားငါးများ၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တို့မှ ဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၃၁**

ကချင်ပြည်နယ်အတွင်း ဇူလိုင်လ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် လေးမိုင်တပ်စခန်း-စုစည်း- တောင်သုံးလုံး - မက်လင်ကော့လမ်း (၁၉) မိုင်တွင် တောင်ပြိုမြေပြိုကျ ပြတ်တောက်မှုများ၊ သစ်ပင်များပြိုလဲ၍ လမ်းကြောင်း ပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကြည်သည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့်အတူ ဇူလိုင် ၃၀ ရက်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများ၊ လတ်တလောလမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်/ယန္တရားများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။




အဆိုပါလမ်းသည် ချီဖွေမြို့နယ် လေးမိုင် တပ်စခန်း-စုစည်း- တောင်သုံးလုံး - မက်လင်ကော့ - လန်းယန်လမ်း ဖြစ်ပေါ်မလာသေးသည့် ရှေးယခင်အချိန်များကပင် ချီဖွေ-လောခေါင် - ထော့ဂေါ့ - ဖီမော်လမ်း အဖြစ် စတင်အသုံးပြုခဲ့ကြပြီး ၂၀၁၃ ခုနှစ်တွင် လေးမိုင်တပ်စခန်းမှ စုစည်း -တောင်သုံးလုံး - မက်လင်ကော့လမ်း (၁၉)မိုင်အား ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထလမ်းအဖြစ် ဖောက်လုပ်ခဲ့သော်လည်း နှစ်စဉ်မိုးရွာသွန်းမှုများ၍ တောင်ပြိုမြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၄ - ၂၀၁၅၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တို့တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လမ်းပိုင်းကို ကျောက်တောင်များမိုင်းခွဲခြင်း၊ ကျောက်ခင်းခြင်းနှင့် လမ်းတာချဲ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းလမ်းပိုင်းသည် မြစ်ကြီးနားမြို့မှ ချီဖွေ-ဆော့လော်သို့ လည်းကောင်း၊ ချီဖွေမှ ဖီမော် - ကန်းဖန့်-လန်ဆယ် - သထုံဇင် - ခေါင်လန်ဖူးမြို့နယ်သို့လည်းကောင်း ဆက်သွယ်သွားလာလျက်ရှိသော အဓိက အသက်သွေးကြောသဖွယ် လမ်းမကြီးဖြစ်သောကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မရှိစေရေးအတွက် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဟသ်ာတမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန် နှိုးဆော်

**နေပြည်တော်  ဇူလိုင်  ၃၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) ဖွင့်ပွဲနှင့် ရွှေကျင်ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၃၁**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၀) က တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင် တို့ စစ်တောင်းတံတား (မြို့စိုး) ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်



### ပြုပြင်ထိန်းသိမ်းဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်း၊ တံတား၊ မြို့ပြဒေသများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက် ချမှတ်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် လမ်းများ၊ တံတားများ၊ အဆောက်အဦများနှင့် မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံအဆောက်အအုံတွင်ပါဝင်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် လမ်းသစ်များဖောက်၊ တံတားသစ်ဆောက်လုပ်ခြင်းသာမကဘဲ ရှိပြီးသား လမ်း / တံတားဟောင်းများကိုပါ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အချက်အချာကျသည့် တိုင်းဒေသကြီးဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ BOT စနစ်ဖြင့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ယခုအထိ လမ်းမိုင်ပေါင်း ၁၃၄၂ မိုင်ကို ဖောက်လုပ်ထားပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီး ၄၃ စင်းကို တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း။

### သံကူကွန်ကရစ်တံတားဖြစ်

ယနေ့ဖွင့်လှစ်သည့် ကျွဲပွဲ - မြို့စိုး - ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) သည် ပေ ၁၂၀၀ အရှည်ရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ တံတားကြီး၏ အပေါ်ထည်အပိုင်းတွင် ပါဝင်သည့် သံမဏိသံပေါင် (Steel Plate Girder) များကို ဂျပန်နိုင်ငံ၏နည်းပညာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် JFE ကုမ္ပဏီတို့ ဖက်စပ်ထူထောင်ထားသည့် J&M Steel Solutions စက်ရုံမှ ထုတ်လုပ်သည့် သံပေါင်များနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း။

### မကြာမီအသုံးပြုနိုင်တော့မည်

ယခုဖွင့်လှစ်သည့် စစ်တောင်းမြစ်ကူး(မြို့စိုး)တံတားသည် ယခုအစိုးရလက်ထက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် ၄၄ စင်းမြောက် ဖွင့်လှစ်သည့် တံတားကြီးလည်း ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ တည်ဆောက်လျက်ရှိသည့် စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်) ပေ ၆၂၀၊ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) ပေ ၈၀၀၊ ရွှေကျင်ချောင်းကူးတံတား ပေ ၁၆၈၀၊ ဒါးပိန်မြစ်ကူးတံတား ပေ ၁၂၀၀၊ မြို့ဦးကင်းတံတား ၅၁၈ ပေ၊ ကဝတံတား ပေ ၆၀၀၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းပေါ်ရှိ တံတားအမှတ် (၄/၁၃) ပေ ၂၀၀ တို့ကိုလည်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆)၊ တံတားအထူးအဖွဲ့ (၉)၊ တံတားအထူးအဖွဲ့ (၁၀) တို့မှ တာဝန်ယူတည်ဆောက်လျက်ရှိရာ မကြာမီ ပြည်သူများ အသုံးပြုနိုင်တော့မည် ဖြစ်ပါကြောင်း။

### အထောက်အကူပြုနိုင်မည်

ပဲခူးတိုင်းဒေသကြီးအတွင်း စစ်တောင်းမြစ် အနောက်ဘက်ခြမ်းရှိ ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ မြို့ရွာများနှင့် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းဒေသများဖြစ်သည့် တောင်ငူ - ကျောက်ကြီး - စစ်တောင်း - မုပ္ပလင်လမ်းပေါ်ရှိ မြို့ရွာများအား ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပါကြောင်း၊ အလားတူ ပဲခူးတိုင်းဒေသကြီးမှ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကိုလည်း ဆက်သွယ်ရောက်ရှိနိုင်မည်ဖြစ်ပြီး ဒေသထွက် ကုန်စည်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

### ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက စစ်တောင်းတံတား(မြို့စိုး) ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စစ်တောင်းတံတား(မြို့စိုး)အား ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စစ်တောင်းတံတား (မြို့စိုး) ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

### ရွှေကျင်ချောင်းကူးတံတား

ဆက်လက်၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၉) က တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံ လမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဒေသခံပြည်သူတစ်ဦးက ရွှေကျင်ချောင်းကူးတံတား ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် ရွှေကျင်ချောင်းကူးတံတားအား တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁) ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဒေါ်လှလှဝင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် ရွှေကျင်ချောင်းကူးတံတား ကမ္ဗည်းမော်ကွန်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံ လမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတားသည် အရှည် ပေ ၁၆၈၀ ရှိပြီး နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတား၏ အပေါ်ထည်အပိုင်းကို Reinforcement Concrete, Pre-stressed Post-tension နည်းပညာဖြင့် တည်ဆောက်ထားသည်။ တံတားကြီး တည်ဆောက်ပြီးစီးသည့်အတွက် မုပ္ပလင်ဘက်ခြမ်းရှိ အုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၂၇ ရွာ၊ လူဦးရေ ၃၆၀၀၀ တို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်သည့် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-မုပ္ပလင်လမ်းပေါ်ရှိ အဓိကတံတားကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-ဝင်းကံ လမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတားကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်စိုး (ပဲခူး)

# ရွက်နုစိမ်းစို သစ်ပင်အို

ခိုင်လွမ်းဝေ(ကန္ဒရဝတီ)

**သမဝါယမ၏သမိုင်းအစ**

၂၀၂၀ ပြည့်နှစ် ဇူလိုင်လပထမပတ် စနေနေ့ (၄-၇-၂၀၂၀) ရက်နေ့တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (I.C.A) အခမ်းအနားကို နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ဩော်... ဘာလိုလိုနှင့် သမဝါယမ သစ်ပင်ကြီးအောက်မှာ မခင်မွေး ခိုနားခွင့်ရခဲ့တာဖြင့် ၃၄ နှစ်တိုင်ခဲ့ပေပြီ။ နောက်လည်း မျိုးဆက်သစ်များခိုနားရန် သည်အပင်ကြီးအောက်က မခင်မွေး ခွဲခွာရပေဦးတော့မည်။ သည်အပင်ကြီးကဖြင့် မအိုသော သစ်ပင်ကြီးပါ။ သစ်ပင်ကြီး သက်တမ်းကဖြင့် ၁၁၅ နှစ် ကျော်ခဲ့လေပြီ။

၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်ခဲ့ပြီး ချစ်တီးများလက်အောက် ကုပ်သွေးစုပ်ခြင်းကိုခံနေရသော တောင်သူလယ်သမားများက စီးပွားရေးကျပ်တည်းမှုကို မခံမရပ်နိုင်သည်မှ အစပြုကာ ၃-၁-၁၉၀၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း မြင်းမူ သမဝါယမ ငွေစုငွေချေးအသင်းကို ထူထောင်ခြင်းဖြင့် သမဝါယမ စနစ်ကို ကျင့်သုံးသော သမဝါယမမှတ်တိုင်ကို ပန္နက်ချ လိုက်နိုင်ခြင်းဟုဆိုလျှင် မှားမည်မထင်ပါ။

ဒါသည် သမဝါယမ၏သမိုင်းအစဟု မခင်မွေးက ဆိုချင်ပါသည်။ သမဝါယမသည် ခေတ်ရေစီးကြောင်းမှာ ရှင်သန်ခဲ့သည်။ ကိုလိုနီနယ်ချဲ့အစိုးရ လက်အောက်မှာ သန္ဓေတည်ခဲ့သည့် သမဝါယမသည် ခေတ်ရေစီးကြောင်းမှာ စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့်၊ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်နှင့် ဗေဒါပန်းလေးပမာ စီးမျောခဲ့ရသည်။

**သမဝါယမ လုပ်ငန်းများ**


သမဝါယမဦးစီးဌာန အကြီးအကဲများမှအစ အောက်ခြေ ဝန်ထမ်းများအဆုံး၊ အသင်းစုမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ B.O.D အဖွဲ့ဝင်များ အားလုံးပင်ပန်းခဲ့ကြသည်။ ဒီမိုကရေစီခေတ်ဦးပိုင်းမှ အစပျိုးခဲ့သော သမဝါယမသည် ယခုဆိုလျှင် ရုပ်လုံးပုံကြွအကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။

နိုင်ငံတော်၏ အမျိုးသားလူမှုရေး၊ စီးပွားရေး၊ တည်ဆောက်မှုလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် သမဝါယမကဏ္ဍမှ စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ခဲ့ကြသည်။ စိုက်ပျိုးမွေးမြူရေး၊ အသေးစားချေးငွေလုပ်ငန်းများအပြင် လယ်ယာမြေလုပ်ငန်းများကို ထဲထဲဝင်ဝင် ပံ့ပိုးကူညီလုပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သည့်အတွက် မခင်မွေးတို့ သမဝါယမဦးစီး ဝန်ထမ်းများ တစ်ရွာဝင် တစ်ရွာထွက် ကွင်းဆင်းရသည်။ အမှန်တကယ် လုပ်ကိုင်လိုသူများ၊ အရင်းအနှီးမရှိ၍ လုပ်ငန်းခွင်ထဲ မဆင်းနိုင်သူများကို ဆန္ဒတူညီသူခြင်း စုစည်းခြင်းဖြင့် အသင်းဖွဲ့စည်းရန် စည်းရုံးရသည်။ ထိုအသင်းများထဲတွင် အမှန်တကယ် ဆန္ဒတူသူများ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများ ဖြည့်စွမ်းနိုင်ရန်အတွက် ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်ပိုင်ပါဝင်ခွင့်ရှိသည့် အသင်းသားများ ပါဝင်စေပါသည်။

**သဘောတရားများနှင့် ကျင့်ဝတ်များ**

သမဝါယမသဘောတရားများ၊ ကျင့်ဝတ်များကို ရှင်းပြပြီး သဘောပေါက်နားလည်လာသည့် အသင်းသားများအား အသင်းအဖြစ် ဖွဲ့စည်းစေလျက် လိုအပ်သော ငွေအရင်းအနှီး ထုတ်ချေးပေးခြင်း၊ အရစ်ကျစနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးခြင်း၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့်စွမ်းအားစုပစ္စည်းများ ရောင်းချပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ရောင်းချခြင်း၊ လယ်ယာမြေများပြုပြင်ခြင်း၊ သီးနှံရိတ်သိမ်းရန်အတွက် လယ်ယာဝန်ဆောင်အသင်းများနှင့် ချိတ်ဆက်ပေးခြင်း၊ ထွက်ရှိလာသော သီးနှံများကို ပြင်ပပေါက်ဈေးထက် ဈေးပိုပေးခြင်း၊ အလေအလွင့်နည်းပါးအောင် စံချိန်စံညွှန်းညီအောင် ကြိတ်ခွဲပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။



စိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍကို ကြည့်မည်ဆိုလျှင် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်မှ ထွက်ရှိသည့် ကော်ဖီမှုန့်ထုတ်လုပ်သည့် လုပ်ငန်းသည် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့သည်အထိ အောင်မြင်လျက် ရှိသည်။ သမဝါယမအကြီးအကဲများသည် ကော်ဖီစိုက်တောင်သူများအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်စွက်ပံ့ပိုးခဲ့သည်။ နည်းပညာ၊ မျိုးစေ့၊ မြေယာမြေပြုပြင်ခြင်း၊ အရင်းအနှီးများကို အသင်းသားများအား ပံ့ပိုးနိုင်မှုကြောင့်လည်း အောင်မြင်မှုရလဒ်ကို စုပေါင်းပိုင်ဆိုင်ခွင့်ရခဲ့ခြင်းပါ။

နောင်လည်း သည်အောင်မြင်မှု၏အကျိုးကျေးဇူးများကို ခံစားခွင့်ရဦးမည်မို့ အသင်းသားများ ပျော်ရွှင်ကြသည်။ သည်အောင်မြင်မှုကို သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ အသင်းစုဝန်ထမ်းများလည်း ကြည်နူးကြရသည်။ "သမဝါယမမှု"ကို ကျင့်ကြံလာမှုကြောင့် ရရှိလာသော အောင်မြင်မှုက သည်မျှမကသေး။ လူမှုစီးပွားရေး မြှင့်တင်ပေးနိုင်ရုံသာမက ရပ်ရွာအကျိုး မြင့်တက်လာအောင်လည်း အသင်းသားများက ကြိုးစားနေကြသည်။

**သမဝါယမနှင့် ရွာငံ**

''မြန်မာမှာ ပုဂံ'' ဟု ဆိုလိုက်သည်နှင့် ကမ္ဘာက သိသလို ''ကော်ဖီမှာဆို ရွာငံ'' ဟု ကမ္ဘာလှည့်ခရီးသည်များ သိလာအောင် ရပ်ရွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိသည်ဟု မခင်မွေး၏ မိတ်ဆွေက ပြောပြပါသည်။ မိတ်ဆွေသည် ရွာငံကော်ဖီမှုန့် ဖြန့်ချိရေးလုပ်ငန်းကို မန္တလေးတိုင်းကိုယ်စားလှယ်တစ်ဦးအဖြစ် လုပ်ကိုင်နေသူဖြစ်သလို ပြည်ပခရီးသွားဝန်ဆောင်မှု လုပ်ငန်းလုပ်ဆောင်သူလည်း ဖြစ်ပေရာ ရွာငံမြို့နယ်၏ သဘာဝရေမြေတောတောင်၊ နာမည်ကြီး ရေပြာအိုင်အလှ၊ ဈေးကွက်ဝင် ရွာငံထွက် ကော်ဖီအရသာတို့ဖြင့် လူနေမှု မြင့်တက်နိုင်ရန် ကြိုးပမ်းနေကြရကြောင်း ပြောပြလေရာ မခင်မွေး ဝမ်းသာမိပါ၏။ သမဝါယမပုံရိပ်များ လွှမ်းခြုံလာနိုင်သည်နှင့်အမျှ ပြည်သူများ အားကိုးရာ သမဝါယမအဖြစ် ပြောင်းလဲလာနိုင်ပါလိမ့်မည်။ ဤသို့ဆိုပါလျှင် သမဝါယမသည် တိမ်ကောသွားမည် မဟုတ်ချေ။

လယ်ယာ စိုက်ပျိုးရေးတွင်သာမက မွေးမြူရေးတွင်လည်း အောင်မြင်မှုများရရှိသည့် သာဓကများ ရှိနေသည်။ မခင်မွေးတို့ မြို့နယ်မှာတော့ လက်လုပ်လက်စား သမဝါယမ အသင်းများသာ ရှိပေသည်။ ခေါင်းရွက်ဗျပ်ထိုးမှသည် ဆိုင်ကယ်ကယ်ရီသမားအဆုံး ဆန္ဒတူညီသူများအား ချေးငွေများ ထုတ်ချေးပေးပါသည်။ ထိုသို့ ထုတ်ချေးခြင်းမပြုမီ အသေးစား ငွေချေးလုပ်ငန်း၏ သဘောတရားများကို ရှင်းလင်းပြောပြရ၏။

**အသေးစားချေးငွေထုတ်ပေးခြင်း**

အသေးစား ချေးငွေလုပ်ငန်း၏ သမိုင်းကြောင်းကို ကြည့်လျှင် ၁၈၄၇ ခုနှစ် ဂျာမနီနိုင်ငံ Prussian ဒေသ ရိုင်းပြည်နယ်၊ Rhine Province မှာ နေထိုင်ကြသည့် ပြည်သူပြည်သားများသည် စီးပွားရေးကပ်ဆိုက်ပြီး ကုန်းကောက်စရာမရှိအောင် ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထိုအချိန်မှာပင် အက်(ဖ်)ဒဗယ်လျူရဖိုက်ဆင် (F.W.Raiffeisen) ဆိုသူက အသေးစား ချေးငွေလုပ်ငန်းကို ပထမဆုံး လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ပြည်သူပြည်သားများကို ထုတ်ချေးပေးခဲ့သည့်အတွက် စီးပွားရေး ပြန်လည်ကောင်းမွန်လာပြီး အသေးစားချေးငွေလုပ်ငန်းလည်း အောင်မြင်လာခဲ့သည်။

ထိုအသေးစားချေးငွေလုပ်ငန်း၏ အမည်မှာ West-erwald ဖြစ်ပြီး F.W. Raiffeisen သည်လည်း အသေးစား ချေးငွေလုပ်ငန်း၏ ဖခင်ကြီး ဖြစ်လာသည်။ ထိုလုပ်ငန်းသည်လည်း ကမ္ဘာအနှံ့က လက်ခံသောလုပ်ငန်း ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင်ပင် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော သမဝါယမအသင်းပေါင်း ၃၀၅၁၃ သင်း ရှိလာခဲ့ပြီဖြစ်သည်။ လုပ်ငန်း၏ သဘောတရားမှာ ''အချိန်နှင့်တစ်ပြေးညီငွေပြန်ဆပ်၊ ရရှိလာသော အကျိုးအမြတ်ကို ထိုက်သင့်သလောက်ခံစား၊ ရနိုင်သမျှစုဆောင်း'' ဖြစ်သည်။

ဤသည်ကို ရည်ရွယ်ပြီး ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ သမဝါယမသည် အရောင်မဆိုး၊ အဖြူထည်သက်သက် စေတနာဖြင့်သာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းပြရသည်။ ထိုအခါမှ သမဝါယမအပေါ် သဘောပေါက် နားလည်လာကြသည်။

အမှန်တကယ် လိုက်နာဆောင်ရွက်သူများအဖို့ ဖြည်းဖြည်းနှင့်မှန်မှန် အခြေခံလူတန်းစားဘဝ မြင့်မားလာသော်လည်း မှန်မှန်ကန်ကန်မလုပ်ဆောင်ဘဲ ချေးငွေသက်သက်အပေါ် သုံးဖြုန်းကြသူအဖို့ ဤလုပ်ငန်းအပေါ် မကောင်းမြင်စိတ်ဖြင့် သွားပုပ်လေလွင့် ပြောဆိုခြင်းများလည်း ရှိခဲ့သည်။

တချို့ကလည်း ဟုတ်ပ့ါမလား မောင်ကာလုရယ်ဟု ဆိုကြသည်။

သမဝါယမသည်ကား ကိုယ့်လမ်းကိုယ် ဆက်လျှောက်မြဲ၊ အချိန်တန်လာတော့လည်း အောင်မြင်မှု အသီးအပွင့်လေးများကို အသင်းသားများ ခံစားလာရပြီလေ။

ပမာပြရလျှင် မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် ခိုင်သဇင်ရောင်းဝယ်ရေးအသင်းမှ အသေးစားချေးငွေလုပ်ငန်းခွဲကို တွဲဖက်လုပ်ကိုင်ကာ ငွေထုတ်ချေးပေးခဲ့သည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည်။ မှန်မှန်ချေး၊ မှန်မှန်ဆပ်၊ မှန်မှန်စုဆောင်းခြင်းဖြင့် ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် ဖြစ်လာကာ အိမ်၏ တစ်ပိုင်တစ်နိုင် စီးပွားရေးကို အထောက်အကူပြုနိုင်ခဲ့သည်။

ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တို့လည်း အပြင်မှာ နေ့ပြန်တိုး၊ နှစ်ဆယ်တိုး စသည့် မြင့်မားသောအတိုးနှုန်းများဖြင့် ချေးငှားရသောဘဝမှ ကင်းဝေးလာကာ ကိုယ်ပိုင်အိမ်ဆိုင်လေးများ ဖြစ်လာကြသည်။ စိတ်ချမ်းသာဖွယ်ကောင်းလေစွ။

**အရေးပါခဲ့သော သမဝါယမဆိုင်များ**

ဤသို့ဆိုလျှင် . . .

သမဝါယမဆိုသည်မှာ "ဘာလဲ"၊ "ဘယ်လဲ"၊ "ဘာတွေလုပ်နေသလဲ"၊ "ရှိရောရှိသေးရဲ့ လား"ဟူသော အမေးတို့ကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ဆိုချင်သည်။ မခင်မွေးတို့ ငယ်ငယ်တုန်းက စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်များတွင် ရပ်ကွက်သမဝါယမဆိုင်၌ ဆန်တန်းစီစောင့်ပြီး တိုးဝှေ့ဝယ်ခဲ့ရတာကို အမှတ်ရမိသည်။ အဆော့မက်သော မခင်မွေးက တိုးဝှေ့ပြီး ဆန်ဝယ်ရမှာကို မလုပ်ချင်သောကြောင့် ဈေးထဲမှ ဆန်ဝယ်စားရန် အမေ့ကို ပြောခဲ့ဖူးလေသည်။

အမေက အပြင်မှာရောင်းသောဆန်ဈေးနှုန်းမှာ သမဆန်နှင့် ဈေးအဆမတန်ကွာခြားကြောင်း ရှင်းပြသည်။ သည့်အပြင် ဆပ်ပြာ၊ အင်္ကျီ၊ မီးဖိုချောင်သုံးကြွေပန်းကန်များ၊ စက်မှု(၁)ထုတ် ဒန်အိုးဒန်ခွက်များ၊ လျှပ်စစ်ပစ္စည်းများလည်း အပြင်မှာထက် ဈေးသက်သာသဖြင့် ပြည်သူများက သမဝါယမအပေါ် အားထားကြသည်။ အပ်အစ အပ်ချည်လုံးအဆုံး ရနိုင်သည်မို့ အလေးထားသလို အရေးပါသော သမဝါယမဆိုင်များ ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း သမဝါယမဟူသည် ဒီမိုကရေစီ၏ ကျောရိုးဟု ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က ဆိုခဲ့ခြင်းဖြစ်သည်။ သည်အမြင်မျိုးကို တိုင်းပြည်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလည်း ဆိုခဲ့ဖူးသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏အမြင်**

လွတ်လပ်ရေးရခါစ နိုင်ငံတော်၏စီးပွားရေး ပြန်လည် ထူထောင်ရေးကို ဆောင်ရွက်နေစဉ်ကာလတုန်းက ဗိုလ်ချုပ်အောင်ဆန်းက. . .

နိုင်ငံတော်ရဲ့စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ စနစ်တစ်ခု ခိုင်မာတောင့်တင်းဖို့လိုတယ်။ အကောင်းဆုံးသော လက်နက်ဟာ သမဝါယမစနစ်သာ ဖြစ်တယ်လို့ ယုံကြည်တယ်"ဟု ဆိုရန်တိုဗီလာခန်းမမှာ မိန့်ကြားခဲ့ဖူးသည်။

ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သလို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင် ဆင်းရဲနွမ်းပါးခြင်းဟူသည့် စကားရပ်ကို ကြားများတောင် ကြားဖူးမည် မထင်ပါ။ စီးပွားရေးမဏ္ဍိုင်များလည်း စိုက်ထူနိုင်ခဲ့ခြင်းဖြင့် သမဝါယမသည်လည်း သည့်ထက်ပို၍ ထွန်းလင်းတောက်ပနေပေလိမ့်မည်ဟု တွေးတောရင်း ဗိုလ်ချုပ်ကို လွမ်းမိပြန်ပါသည်။

ဤသို့ဆိုလျှင် သမဝါယမကို ရန်သူများဝန်းရံနေသော ဗေဒါပန်းလေးလို မဖြစ်စေလိုဘဲ မလိုတမာမျက်ဝန်းများထဲမှ ရုန်းထွက်ကာ ထွန်းလင်းတောက်ပနေသော ခူဝံကြယ်လေးလို ရှိစေချင်ပါပြီ။ လမ်းပြကြယ်လေးလိုဖြစ်ရန် နောင်လာ မျိုးဆက်သစ်လေးများမှာ တာဝန်ရှိလာပါပြီ။

မြှင့်တင်နိုင်သော သမဝါယမပုံရိပ်များကို ဖန်တီးပုံဖော်ရင်း ပြည်သူနှင့် အစိုးရ၊ သမဝါယမတို့ သုံးနားညီ လက်တွဲကြမည်ဆိုပါလျှင်

သမဝါယမဟူသည်. . .

ရွက်နု စိမ်းစိုနေသော သစ်ပင်အိုကြီးအဖြစ်. . .

သမိုင်းကတောင်းဆိုသော သမဝါယမအဖြစ် ရှင်သန်နေပေလိမ့်မည်ဟု မခင်မွေး တွေးတော ယုံကြည်မိရင်း. . .

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ပေါင်းများစွာ အဓွန့်ရှည်ပါစေကြောင်း ဆန္ဒပြုလိုက်ရပေသည်။

မျှဝေခံစားခြင်းဖြင့်
ခိုင်လွမ်းဝေ(ကန္ဒရဝတီ)

**❒ လွတ်လပ်ရေးရခါစ နိုင်ငံတော်၏စီးပွားရေး ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နေစဉ်ကာလတုန်းက ဗိုလ်ချုပ်အောင်ဆန်းက ''နိုင်ငံတော်ရဲ့ စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ စနစ်တစ်ခု ခိုင်မာတောင့်တင်းဖို့လိုတယ်။ အကောင်းဆုံးသောလက်နက်ဟာ သမဝါယမစနစ်သာ ဖြစ်တယ်လို့ ယုံကြည်တယ်'' ဟု ဆိုရန်တိုဗီလာခန်းမမှာ မိန့်ကြားခဲ့ဖူးသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ညောင်ဦးမြို့နယ်နှင့် ရေစကြိုမြို့နယ်တို့ရှိ ရေဘေးဒဏ်ခံစားရသော ပြည်သူများအား အားပေး၊ စားနပ်ရိက္ခာများ ထောက်ပံ့

နေပြည်တော် ဇူလိုင် ၃၁

**မြစ်ရေများ မြင့်တက်လာမှုများကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၏ အနိမ့်ပိုင်းတွင် ရှိသော ရပ်ကွက်၊ ကျေးရွာများတွင် ရေဘေးဒဏ်ခံစားရသော ပြည်သူများအား အားပေးခြင်း၊ စားနပ်ရိက္ခာ နှင့် ဆန်ရိက္ခာဖိုးငွေများ၊ ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက ယာယီရေဘေးရှောင် စခန်းများသို့ သွားရောက်၍ အားပေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တို့ရှိ ရေဘေးဒဏ်ခံစားရသော ပြည်သူများကို အားပေးထောက်ပံ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ညောင်ဦးမြို့ မဟာဝိသုတာရာမကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက် ဘုန်းတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ကပ်လှူပူဇော်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာဝိသုတာရာမကျောင်းတိုက်၊ ဆုန်ကုန်းရပ် ရှစ်မျက်နှာကျောင်းတိုက်နှင့် မြသိန်းတန်ဓမ္မာရုံတို့တွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ လူဦးရေ ၃၅၉ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၇၅၃၉၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဖူလုံကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့် ပြည်သူများအားတွေ့ဆုံ၍ လူဦးရေ ၃၀၀ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၆၃၂၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်



ပြည်သူများထံ ပေးအပ်သည်။

ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားခြင်းနှင့်အတူ နေရာကွက်၍ မိုးကြီးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကြောင့် မြစ်ကြမ်းပြင်များ မြင့်တက်၍ ရေကြီးရေလျှံဖြစ်ခြင်း စသည့်သဘာဝဘေးဒဏ်များကို ခံစားနေကြရကြောင်း၊ သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင် ကာကွယ်ရေးလုပ်ငန်းများကို အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားပြီး ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ထိရောက်စွာ အသုံးပြုနိုင်ရန် စနစ်တကျ စိစစ်ဆောင်ရွက်နေပါကြောင်း၊ ယခုကြုံတွေ့ရသည့် ရေဘေးသည် အခိုက်အတန့်သာ ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေခြင်းကြောင့် ပြည်သူများ အခက်အခဲများ ရင်ဆိုင်နေရသည်ကို နားလည်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ဘေးဒုက္ခ အခက်အခဲများကို လတ်တလော ပြေလည်စေရန် လာရောက် ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက အကန့်အသတ်ဖြင့် ခွဲဝေရရှိသည့် ဘဏ္ဍာငွေကို ပြည်သူများတိုက်ရိုက် အကျိုးရှိစေမည့် လုပ်ငန်းစီမံချက်များဖြင့် အလေ့အလွင့်မရှိအောင် ကြပ်မတ် ဆောင်ရွက်သည့်နည်းတူ ရေရှည် အကျိုးအတွက်လည်း မျှော်မှန်း၍ စီမံချက်များ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ညောင်တောကျေးရွာအုပ်စု ရေဘေးရှောင်အိမ်ထောင်စုများအား လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ယခုနှစ်တွင် ရေဘေးဒဏ်ခံနိုင်ရခြေရှိသည့် အချို့ဒေသများတွင် ပြည်သူများ အလျင်အမြန်ပြောင်းရွှေ့ခိုလှုံနိုင်ရန် ယာယီတဲများကို လိုအပ်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်ရန် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

အလွန်အခက်အခဲရှိတယ်၊ ကန့်ရေကို အဓိက အားထားပြီး သုံးနေရတာ၊ ရေသန့်ဆိုရင်လည်း ဝယ်ယူသောက်သုံးနေကြရတာဖြစ်တယ်၊ ဒီတံတားကြီး တည်ဆောက်ခြင်းဖြင့် ရေပိုက်လိုင်းပါ တပ်ဆင်ပါလာမှာဖြစ်တဲ့အတွက် သောက်သုံးရေသန့်ကို ရရှိလာမှာဖြစ်သလို တံတားတည်ဆောက်ပြီးစီးရင်လည်း ဒေသခံပြည်သူတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးအတွက်များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ် ” ဟု ပြောသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ အထွေထွေလုပ်သားများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများစွာတို့သည် နေ့စဉ်နှင့်အမျှ စီးပွားရေးမြို့တော်ရန်ကုန်မြို့သို့ ရေလမ်းကြောင်းခရီးဖြင့်သော စက်တပ်သမ္ဗန်များဖြင့် ယနေ့အချိန်ထိ ကူးသန်းသွားလာကြရဆဲပင်ဖြစ်သည်။ နွေရာသီတွင် သောက်သုံးရေရှားပါးမှုဒဏ်၊ မိုးရာသီတွင် လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ်နှင့် ဆောင်းရာသီကာလတွင် မြူနှင်းပိတ်မှုကြောင့် ခရီးသည်ပြည်သူများစွာတို့မှာ အသက်အန္တရာယ်နှင့်ရင်းပြီး ရန်ကုန်မြို့ရှိ လုပ်ငန်းခွင်အသီးသီးသို့ မိုးလင်းမှ မိုးချုပ်အချိန်ထိ ရန်ကုန်မြစ်အတွင်း စုန်ဆန်သွားလာနေရခြင်းဖြစ်သည်။

ဒလမြို့သူမြို့သားများအတွက် (ဒလ) မြစ်ကူးတံတားကြီးသည် အိပ်မက်တံတားကြီး တစ်စင်းဖြစ်သလို ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်အချင်းချင်း ဆက်သွယ်ပေါင်းကူးပေးမည့် တွံတေးတူးမြောင်းပေါ်မှ ဖြတ်သန်းသွားလာနိုင်သော တံတားတစ်စင်းသည်လည်း ဆိပ်ကြီးခနောင်တိုမြို့သူမြို့သားများ၏ အိပ်မက်တံတား တစ်စင်းပင် ဖြစ်ပေသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားကြီးမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး နှစ်ပေါင်းများစွာ အားထားသွားလာနေရသော ရေလမ်းကြောင်းခရီးမှ ကုန်းလမ်းခရီးဖြင့် ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်တော့မည်ဖြစ်ကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာမည်ဖြစ်သည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ တွံတေးတူးမြောင်းနှင့် ခနောင်တိုချောင်းဆုံရာတွင် တည်ရှိပြီး တွံတေးတူးမြောင်းကို ဖြတ်ကျော်ပြီး ဒလမြို့နယ်နှင့် ချိတ်ဆက်၍ ကူးသန်းသွားလာနိုင်မည့် တံတားတစ်စင်းမှာ လိုအပ်လျက်ရှိရာ လက်ရှိအချိန်တွင် တံတားတည်ဆောက်မည့် မြေနေရာအား သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်မှုများ၊ လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိပြီး ဇူလိုင် ၉ရက်က တံတားတည်ဆောက်မည့် လမ်းအူကြောင်းမြေနေရာအား ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်စန္ဒာမင်း၊ ဦးထွန်းရင်၊ ဦးထွေးတင်နှင့် တံတားဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက “ ဒီတံတားက ခေတ်အမီဆုံးတံတားပုံစံနဲ့ တည်ဆောက်မယ်လို့သိရတယ်။ ထူးခြားချက်က ဆိပ်ကြီးခနောင်တိုမြို့နယ်ကို ရေပေးဝေတဲ့ပိုက်လိုင်းတွေပါမယ်။ ဒီတံတားက ဆိပ်ကြီးခနောင်တိုမြို့က ပြည်သူတွေက ရန်ကုန်မြို့ထဲကို သွားမယ်ဆိုရင် လှိုင်သာယာဘက်ကနေ ပတ်ပြီး သွားစရာမလိုတော့ဘူး။ ဒလကနေတစ်ဆင့် ကူးလာကြမှာဖြစ်တယ်။ ဒလတံတားကြီးက ၂၀၂၂ အောက်တိုဘာလမှာ ပြီးမယ့်အတွက် ဒလတံတားကြီးကနေတစ်ဆင့် ပတ်သွားနိုင်မှာဖြစ်တယ်။ တံတားမရှိခင်က စက်တပ်သမ္ဗန်များကို အသုံးပြုကြရတာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေး၊ လူမှုရေး ဒုက္ခတွေရှိတယ်၊ သမ္ဗန်နဲ့သွားပြီး အလုပ်လုပ်ရတာ၊ သဘာဝကို မလွန်ဆန်နိုင်ဘူး၊ ရာသီဥတုမုန်တိုင်းအတားအဆီးတွေရှိတာဖြစ်တဲ့အတွက် တံတားကြီးရှိနေရင် အချိန်မရွေး သွားလာလို့ရပြီဖြစ်တဲ့အတွက် အဲဒီဒုက္ခတွေက ကင်းဝေးသွားမှာ ဖြစ်ပါတယ်။ တံတားကြီးနှစ်စင်း တည်ဆောက်ပြီးစီးရင် ဒလဘက်ကမ်းနဲ့ ဆိပ်ကြီးခနောင်တိုဘက်ကမ်း၊ ဒလဘက်ကမ်းနဲ့ ရန်ကုန်ဘက်ကမ်းတို့ဟာ အိမ်ဦးနဲ့ ကြမ်းပြင် ဖြစ်သွားမှာဖြစ်တယ် ” ဟု ဆိုသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ရှိပြီး အကျယ်အဝန်းမှာ ၃ ဒသမ ၀၄ စတုရန်းမိုင် ကျယ်ဝန်းကာ အရှေ့မှ အနောက်သို့ ၃ ဒသမ ၂ မိုင်၊ တောင်မှ မြောက်သို့ ၂ ဒသမ ၃ မိုင် ရှည်လျားသည်။ မြို့နယ်၏ အရှေ့ဘက်တွင် ရန်ကုန်မြစ်နှင့် ဒလမြို့နယ်၊ အနောက်ဘက်တွင် တွံတေးမြို့နယ်၊ တောင်ဘက်တွင် တွံတေးမြို့နယ်နှင့် ဒလမြို့နယ်၊ မြောက်ဘက်တွင် ရန်ကုန်မြစ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့သို့ ဆက်သွယ်တည်ဆောက်မည့် တွံတေးတူးမြောင်းကူး တံတားအမျိုးအစားမှာ သံမဏိ သံပေါင်တံတား၊ နှစ်လမ်းသွားဖြစ်ပြီး ဂျပန်နိုင်ငံ၌ နောက်ဆုံး တည်ဆောက်နေသော တံတားဒီဇိုင်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တံတား အရှည် ၇၇၅ မီတာ၊ အကျယ် ၁၀ မီတာ၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း အရှည် ၂၅၄၂ ပေ ရှိပြီး စုစုပေါင်းငွေကျပ် ၂၅ ဘီလီယံ ကုန်ကျမည်ဖြစ်ရာ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၁) မှ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၅၀၀၀ ချထားပေးခဲ့ပြီး ယခုအခါ မြေနေရာရှင်းလင်းခြင်း၊ စီမံကိန်းနေရာ သတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - နိုင်လင်းကျော် (ဒလ)၊ ဝေယံ**

---

❊ *ရှေ့ဖုံးမှ*

ယင်းသို့ ဆောင်ရွက်ရာတွင် ကျောက်တံတားမြို့နယ်ရှိ ကမ်းနားလမ်း ညဈေးတန်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ ဈေးဆိုင်များသို့ သွားရောက်ကာ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်း တပ်ဆင်သည့် အလေ့အထများ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများဝေငှခြင်း၊ အသိပညာပေးခြင်းများကို ယမန်နေ့က ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ရွှေနန်းမေ**

---

❏ *ရှေ့ဖုံးမှ*

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၅ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး ဖနောင်ပင်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့်၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်း ကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၅၂၈ ဦးအား ကယ်ဆယ်ရေး/အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးမောက်မြို့နယ်၌ လျှပ်စစ်မီးမရရှိသေးသည့် စိန်လုံကျေးရွာအတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုးမောက် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် စိန်လုံကျေးရွာတွင် ယမန်နေ့က နယ်စပ်ရေးရာဝန်ကြီးဌာန၊ မိုးမောက်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာနှင့် ဆက်စပ်ပစ္စည်းအစုံ ၂၆ စုံ ပေးအပ်လှူဒါန်းခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်၌ ကျင်းပသည်။

ဆက်လက်ပြီး ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို ဗန်းမော်ခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် မိုးမောက်မြို့နယ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏခင်ဇော်တို့က စိန်လုံကျေးရွာရှိ အိမ်ထောင်စုတစ်ဦးချင်းစီအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ပြည်သူများအတွက် အခမဲ့ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီ မေလွင် (အေဝမ်း) နှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဇူလိုင် ၂၇ ရက်မှအဆက်*

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့ ကိုယ်တိုင်ကို တစ်ခါတည်း သချာ ရှေ့ကနေ လုပ်ပြသွားတာချည်းပဲ။

ဦးတင်မောင်ဆိုလည်း အဲဒီလိုပဲ ရှေ့ကနေ အလွန်လုပ်ပြတယ်။ အဲဒါကို ကိုယ်က ကြိုးကြိုးစားစားနဲ့ အတော်လိုက်လုပ်ရတယ်။ အဲဒါကြောင့်မို့လည်း ဒီလိုနာမည် ဖြစ်လာတာပါ။ သူတို့ကျေးဇူးတွေကြောင့်ပါ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့နဲ့သာ ဆိုရင်တော့ အစ်မ ဒုက္ခပဲနော်၊ ကျွန်တော်တို့ကလည်း လုပ်မပြတတ်၊ အဲဒါဆိုရင်တော့ ဖြစ်လာမှာတောင် မဟုတ်ဘူးထင်တယ်။ အမူအရာလည်း ကျွန်တော်တို့က မလုပ်တတ်၊ လုပ်လည်း မပြရဲ၊ ဟိုတုန်းကတော့ ဆရာကြီးကတော့ အမူအရာလည်း ပိုင်တာကိုး၊ ဆရာဦးတင်မောင်က အမူအရာလည်း ပိုင်တယ်။

**ဒေါ်မေလွင်** ။ ။ သူတို့ကိုယ်နှိုက် ကိုက သိပ် ကျွမ်းကျင်တဲ့ သူတွေဆိုတော့။

**ကြည်စိုးထွန်း** ။ ။ နောက် ပြလည်း ပြတတ်တယ်နော်။ ဦးချင်းစိန်လည်း အဲဒီလိုပေါ့။ ပြလည်းပြတတ်၊ လုပ်လည်းလုပ်တတ်ဆိုတော့ ဆရာကောင်းတွေနဲ့ အများကြီး တွေ့ရတယ်။ ဦးသုခလည်း တွေ့ရသေးတယ်နော်။

**ဒေါ်မေလွင်** ။ ။ ဦးသုခလည်း သင်တယ်။ အလွန်ကို သင်တာပဲ။

**ကြည်စိုးထွန်း** ။ ။ သူက အသံနေ အသံထားတွေ သင်မယ်ထင်တယ်။

**ဒေါ်မေလွင်** ။ ။ စကား ပြောလို့ရှိရင် Flow ကိုက မကြိုက် မချင်း မလွှတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဌာန်ကရိုဏ်းကျအောင် သူက ပြောခိုင်းတာ။

**ဒေါ်မေလွင်** ။ ။ စကားလုံးဆိုလို့ ရှိရင်လည်း လုံးဝမှားလို့မရဘူး၊ ရှေ့နောက် ဒီလိုမှားတာတွေ သူတို့ မကြိုက်ဘူး။ ဒိုင်ယာလော့ခ်ကို သေချာကျက်ရတယ်၊ သေချာကျက်ပြီးမှ သေချာရိုက်ရတယ်။ အမူအရာလည်း ကြိုက်မှ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ကြောက် မနေဘူးလားသူတို့ကို။

**ဒေါ်မေလွင်** ။ ။ ကြောက်တော့ကြောက်ပါတယ်။ ဒါပေမယ့် ချစ်ကြောက်ရိုသေကြီးပါပဲ။ အဲဒီလိုမျိုးပါပဲ။

**ကြည်စိုးထွန်း** ။ ။ တစ်ခါတလေ ကျရင် ဒါရိုက်တာကို သိပ်ကြောက်ပြီးတော့လေ၊ မုန်းသွားမှာ ကျွန်တော် သိပ်ကြောက်တာပေါ့နော်၊ ဒါကြောင့်မို့လို့ ရိုက်ကွင်းဆိုရင် ပထမ ရင်းနှီးမှုရအောင် ယူလိုက်တာပေါ့။ ခင်မင်



ရင်းနှီးမှုလေး ရပြီဆိုတော့မှ ကားကို စပြီးတော့ ရိုက်တယ်။ ကိုယ့်ကို သိပ်ပြီးတော့ ကြောက်ရွံ့နေမှာလည်း ကိုယ်က စိုးတာကိုး။ နောက်ပြီးတော့ ကိုယ်ကလည်း သိပ်ပြီးတော့ သင်တတ်တာ မဟုတ်ဘူးလေ။ အမှန်ပြောရရင် ခုနကလို ဆရာကြီးတွေလို မသင်တတ်ဘူးဆိုတော့။ ဘယ်လိုအမူအရာ ဘယ်လိုလုပ်ဆိုတာ။

**ဒေါ်မေလွင်** ။ ။ အခုခေတ်က ဒါရိုက်တာတွေကလည်း အမြော်အမြင် သိပ်ကြီးတယ်။ ကလေးတွေကလည်း တက်ထားတယ်ဆိုတော့ ကလေးတွေကလည်း ပညာလေးတွေက ပြည့်ပြီးတော့ အဆင်ပြေကြတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ကောင်းပါတယ် အစ်မရယ်။ ဒါကတော့ သူ့ခေတ်နဲ့သူ ပေါ့နော်၊ ကဲ- အစ်မတို့ခေတ် ပြန်သွားရအောင်။ အစ်မတို့ ခေတ်ဆိုတော့ ကျွန်တော်တို့ စွဲတာလေးတွေ ကျွန်တော်က ပြောချင်တာပေါ့။ ဆိုပါတော့ အစ်မရယ်။ ကိုသိန်းဇော်နဲ့ အစ်မနဲ့ 'တကူကူးကူ' ဆိုတဲ့ သီချင်းလေး မှတ်မိသေးလားမသိဘူး။ အဲဒါက



ဦးညီပု



ဦးဝေဇင်

အကုန်လုံး လုပ်တတ်၊ ကိုင်တတ်ဆိုတော့ အဆင်ပြေပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာတွေကတော့ အမြော်အမြင်ကြီးတယ် မပြောပါနဲ့ အစ်မရယ်။ အဲဒီလိုတော့ မဟုတ်ဘူးပေါ့နော်။ ကလေးတွေ အနေနဲ့ကလည်း မကြောက်တော့ဘူး။ Camera Fright တို့၊ Stage Fright တို့ဆိုတာ မရှိတော့ဘူး။ ဟိုတုန်းကတော့။

**ဒေါ်မေလွင်** ။ ။ ဟိုတုန်းကတော့ အရက် အကြောက် သိပ်ကြီးကြတယ်လေ။ အခုက သင်တန်းတွေ ဘာတွေ

**ဒေါ်မေလွင်** ။ ။ 'ချစ်သက်ဝေ'

**ကြည်စိုးထွန်း** ။ ။ 'ချစ်သက်ဝေ' က အစ်မ ခုနက ကားတွေ 'ဘုမသိဘမသိ' တို့ပြီးလို့ ရိုက်တာလား။ မဟုတ်သေးဘူးလား။

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့ အဲဒါတွေပြီးမှ

**ကြည်စိုးထွန်း** ။ ။ သြော်- တော်တော်ကြာမှ။ အဲဒီတော့ 'ဘုမသိဘမသိ' ပြီးတော့ ခုနက 'ချစ်တေးသံ' နော်။

**ဒေါ်မေလွင်** ။ ။ 'ချစ်မေမေ'၊ 'ချစ်မမ' 'ချစ်တေးသံ'

**ကြည်စိုးထွန်း** ။ ။ 'ပန်သစ္စာ'



**ဒေါ်မေလွင်** ။ ။ 'ပန်သစ္စာ' က အဲဒါ ပြီးတော့မှ ဦးညီပုနဲ့ 'ပန်သစ္စာ' ရိုက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အစ်မ 'ချစ်မေမေ' ရွှေညာမောင်ပဲ၊ ဦးချင်းစိန်ပဲ။

**ဒေါ်မေလွင်** ။ ။ 'ချစ်မေမေ' က ဦးချင်းစိန်ပဲ။ ဦးချင်းစိန်ကနေပြီးတော့ ဦးဝေဇင် ဖြစ်သွားတယ်။ ဦးဝေဇင် ပြောင်းသွားပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**ဒေါ်မေလွင်** ။ ။ မောင်လှမျိုးတို့ အစ်ကိုလေ။



ဒေါ်မေမြ

**ကြည်စိုးထွန်း** ။ ။ သိတယ်လေ။ ကိုဝေဇင်၊ ဦးတင်နွယ်ရဲ့ သားတွေပေါ့ အစ်မရယ်။

**ဒေါ်မေလွင်** ။ ။ ဒေါ်မေမြရဲ့ ခင်ပွန်းပါ။ ဒေါ်မေမြလည်း ပါပါတယ် အဲဒီထဲမှာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အစ်မရယ်၊ ဒီနေရာမှာ ကျွန်တော် တစ်ချက်ပြောချင်တာက အေဝမ်းကို ရောက်လာတဲ့ အစိမ်းတွေထဲက အေဝမ်းမျိုးတွေ ဖြစ်သွားတာက ဘယ်သူတွေ ရှိသေးလဲ။ အစ်မနဲ့ ဒေါ်မေမြပဲလား။ ဘယ်သူရှိသေးလဲ။

**ဒေါ်မေလွင်** ။ ။ မရှိပါဘူး။ မငွေးတို့ နှစ်ယောက်ပါပဲ။

**ကြည်စိုးထွန်း** ။ ။ ဘာဖြစ်လို့ ဆိုတော့ ဒေါ်မေမြ ကလည်း ဦးတင်နွယ်ရဲ့သား ဦးဝေဇင်နဲ့ အိမ်ထောင်ကျတယ်။ တစ်ခါ အစ်မကလည်း ဦးတင်နွယ်ရဲ့ တူ ဖြစ်တာပေါ့။ ကိုသိန်းဇော်က ဟုတ်တယ်မလား။ တစ်ခါ ဦးတင်နွယ်ရဲ့ နှမရဲ့ သားပေါ့နော်။ သူ့အမေနာမည်က

**ဒေါ်မေလွင်** ။ ။ ဒေါ်ခင်ညွှန့်ပါ။

**ကြည်စိုးထွန်း** ။ ။ ဒေါ်ခင်ညွှန့်ရဲ့ သားပေါ့နော်။ အေဝမ်းမျိုးဆက်ကလည်း အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အစ်မတို့က ဒီမျိုးဆက်ထဲကိုတော့ ဝင်သွားကြတယ်ပေါ့။ ဝင်သွားကြပြီးတော့ ဒေါ်မေမြရယ်၊ အစ်မရယ် ကတော့ ဆွေမျိုးဖြစ်သွားပြီ။ ဒီထဲမှာမှ ဆွေမျိုးမတော်ဘဲနဲ့ ဆွေမျိုးဖြစ်နေတာတော့ ဦးချင်းစိန်ပဲ။ ကျွန်တော်မြင်တာ ဦးချင်းစိန်က တစ်ခါတည်း စာအုပ်တွေ၊ မဂ္ဂဇင်းတွေလည်း သူကိုင်၊ နောက်တစ်ခါ Actor လည်း ဝင်လုပ်၊ Actor ဝင်လုပ်တာမှ အစ်မရယ် ၁၉၃၆ ခုနှစ်က ကားတစ်ကား ရှိတယ်။ 'ဖူး' ဆိုတဲ့ ကားတစ်ကား၊ အေဝမ်းက၊ အေဝမ်းတောင် ဖြစ်ပြီလား မပြောတတ်ပါဘူး အစ်မရယ် ထားပါတော့။ 'ဖူး' ဆိုတဲ့ ကားတစ်ကား ဘန်ကောက်ကနေပြီးတော့ အဲ့ဒါလေးကို ရလာတယ်၊ ဘန်ကောက်က ရုပ်ရှင်ပြတိုက်ကနေပြီးတော့ ရုပ်ရှင်ပြတိုက်မှူးနဲ့ ကျွန်တော်က ခင်တော့ ဟာ – မင်းတို့ဆီက ဗမာကား ရှိတယ်ကွတဲ့။

**ဒေါ်မေလွင်** ။ ။ ကြားတောင် မကြားဖူးဘူး အစ်မ။

**ကြည်စိုးထွန်း** ။ ။ အဲဒီ 'ဖူး'ဆိုတဲ့ ကားလေး ယူလာတော့ ဦးချင်းစိန်က အဲဒီထဲမှာ သရုပ်ဆောင်တာ အစ်မရဲ့။ မြို့ဝန်လား ဘာလားမသိဘူး သရုပ်ဆောင်တာ။ ပုဆိုးတွေဘာတွေ ကျွတ်ကျ ဘာညာ သိပ်ရယ်စရာ ကောင်းတာ။ အဲဒီတော့ ကဲ-အစ်မရေ ဆက်ကြဦးစို့။ ဦးချင်းစိန်ရိုက်တာက 'ချစ်ဖေဖေ' လား ကိုဝေဇင်ရိုက်လိုက်တာက-


**ဒေါ်မေလွင်** ။ ။ 'ချစ်မမ' ပါ။

**ကြည်စိုးထွန်း** ။ ။ သြော်- 'ချစ်မမ' က ကိုဝေဇင်လား။ အဲဒီမှာ အစ်မက အကယ်ဒမီရတာနော်။ အဲဒါနဲ့ တစ်ပြိုင်နက်ပဲ အစ်မရတဲ့နှစ်မှာ ကျွန်တော်သိတာက ဖိုးပါကြီး၊ ဝင်းမာ၊ အဲဒါကဘာလဲဆိုတော့ 'ဖိုးပြုံးချို' ။ အစ်မတို့က 'ချစ်မမ' နဲ့ရတယ်နော်။











*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဒါပေမယ့် ကိန္နရီ ကိန္နရာရုပ် မဟုတ်သေးဘူး။ ရွှေရင်ထိုးလေးတွေနော်။ ဘယ်လောက်လောက်ရှိမလဲ အစ်မ။ ရွှေသား၊ ရွှေအစစ်နော် အဲဒါ၊

**ဒေါ်မေလွင်** ။ ။ ထင်တော့ လေးကျပ်သားဝန်းကျင်လောက်တော့ ရှိမယ်ထင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား၊ အများကြီးပဲရတာပဲ၊ အခုနှစ်ကျပ်သားပဲရှိတယ် အစ်မရဲ့။

**ဒေါ်မေလွင်** ။ ။ အဲဒါအကုန်လုံး အစစ်လေ၊ ရင်ထိုးကြီးဆိုတော့ အနောက်က ထိုးတဲ့ဟာနဲ့၊ ဘာနဲ့၊ ကမ္ဘာလုံးပေါ်မှာ ဖလင်လိပ်ကြီးက ကျနေပြီးတော့ အပေါ်မှာ မကိုဋ်ဆောင်းထားတယ်။ အမျိုးသမီးတွေကတော့ အမျိုးသမီးမကိုဋ်ပေ့ါလေ၊ စီးပုံပေ့ါ။ အမျိုးသားကျတော့ သိကြားမင်း မကိုဋ်တွေ၊ အဲဒါ မကိုဋ်ပဲ ကွာပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဒါဦးဖိုးပါကြီးကျတော့ မကိုဋ်ပေ့ါ၊ အစ်မကျ စီးပုံနဲ့နော်၊ ဝင်းမာလေးကျတော့ရော၊

**ဒေါ်မေလွင်** ။ ။ ဝင်းမာလည်း စီးပုံပဲဖြစ်မယ်ထင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟိုဟာတွေ ကျတော့ ခြသေ့်ရုပ်တို့၊ ဒေါင်းရုပ်တို့ အဲဒါတွေ ပေးတာပေ့ါ၊ ဖလားတို့ ပထမ၊ ဒုတိယ၊ တတိယဆုက ကားကိုပေးတာပေ့ါ။ အဲဒီဟာကလည်း အစ်မတို့လည်း ရပြီးရော နောက်နှစ်ကျတော့ ကိန္နရာရုပ် ပြောင်းသွားတာနော်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အစ်မတို့က ရင်ထိုးတံဆိပ်ရဲ့ နောက်ဆုံး မျိုးဆက်



ဖိုးပါကြီး

ထူးထူးဆန်းဆန်းရှိတယ်နော်။ အစ်မ 'မေသင်းကြိုင်' ဆိုတာ တစ်ယောက် ရှိသေးတယ်။

**ဒေါ်မေလွင်** ။ ။ ဒေါ်မေသင်းကြိုင် က ဦးဖေစန်းနဲ့ သီချင်းတွေ ဘာတွေ ဆိုကြပါတယ်။

**ကြည်စိုးထွန်း** ။ ။ 'လပြာသို' သီချင်း ဘယ်လိုဆိုလဲ အစ်မ၊ နည်းနည်းကြားလို့ရမလား။

**ဒေါ်မေလွင်** ။ ။ ဟောဒီလပြာသို၊ ညအခါဆို အလွန်အေးသဗျို ဆိုတာ။ အဲသလောက်ပဲ သိတယ်။ မငွေးလည်း၊

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား၊ ကိုဖေစန်းနဲ့နော်။ ဖေစန်းက ပါးချိုင့်ကလေး ဆိုတဲ့သီချင်းလည်း

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့။ အဲဒါ နာမည်ကြီးတယ်။

**ကြည်စိုးထွန်း** ။ ။ အောဝမ်း ခတ်ပြားတွေထဲမှာနော်။ အဲဒီတော့



ခင်လေးဆွေ

'တကူကူးကူ' အဲဒါတွေရော။

**ဒေါ်မေလွင်** ။ ။ အဲဒါတွေ ကတော့ မသွင်းဖြစ်ပါဘူး။ ဒီပြင့်ကလေးတွေ၊ နောက်ကလေးတွေ ဆိုနေပါပြီ။

**ကြည်စိုးထွန်း** ။ ။ ဆိုသေးလား။

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့၊ မေဆွိတို့ ဆိုပါတယ်။ ကောင်းပါတယ်။ နောက်ကလေးတွေဆိုတာ။

**ကြည်စိုးထွန်း** ။ ။ ပျော်စရာ လေးနော်၊ အဲဒီတုန်းက ကိုသိန်းဇော်ကလည်း ငယ်ငယ်လေး၊ အစ်မကလည်း ငယ်ငယ်လေး။

**ကြည်စိုးထွန်း** ။ ။ အဓိက ဇာတ်လမ်းကတော့ ဒေါ်ကြည်ကြည်ဌေးနဲ့ ဦးတင်မောင်နဲ့ အထင်လွဲတာ

**ကြည်စိုးထွန်း** ။ ။ ကိုသိန်းဇော် က ဒေါ်ကြည်ကြည်ဌေးသား ထင်တယ်။ ကောင်းတယ်။ အဲဒီကားလေး



မေနု

**ကြည်စိုးထွန်း** ။ ။ သြော်-ဦးမြတ်သာလည်း ပါတာပေ့ါနော် အဲဒါ။

**ဒေါ်မေလွင်** ။ ။ ဦးမြတ်သာက ဒါရိုက်တာပါ။

**ကြည်စိုးထွန်း** ။ ။ သူ ဒါရိုက်တာ၊ သူ သရုပ်ဆောင်

**ဒေါ်မေလွင်** ။ ။ တအားကို ရယ်ရတယ် အဲဒီကားက။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား ကြည့်ချင်လိုက်တာ အစ်မရယ်။ ကျွန်တော်တို့ဆီမှာ ထူးထူးဆန်းဆန်းကားလေးတွေ၊ ဒါပေမယ့် ဒါ တစ္ဆေသရဲမှ မဟုတ်တာ အစ်မရဲ့။ ဘယ်လိုခေါ်မလဲ။ ပူးတဲ့သဘောမျိုးလေးပေ့ါ။ ကျွန်တော်တို့ ဟို နိုင်ငံခြားကား Ghost လို ဟာမျိုးပေ့ါနော်။ အဲဒါမျိုးလေး ခပ်ဆင်ဆင်လေးဆိုတော့ ဒီအချိန်မှာဆိုရင်လည်း ဒီက ဆင်ဆာမူဝါဒလေးကလည်း နည်းနည်းလေး လျှော့လျှော့ပေ့ါပေ့ါလေး



မေမြင့်

ဒါရိုက်တာ စိန်ဖေတင်လည်း ပါတယ်၊ အောင်လွင်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ စိန်ဖေတင်က ဒါရိုက်တာမလုပ်ခင်ကသူက မင်းသား လုပ်သေးတာလား။

**ဒေါ်မေလွင်** ။ ။ သူက မငွေးတို့နဲ့ မင်းသားလုပ်ပါတယ်။

ကြည်စိုး စပြီးတော့ မင်းသား ဖြစ်တာပဲ။ ကြည်စိုး၊ အောင်မိုး၊ မောင်ဝင်းဦးရဲ့ ညီ အငယ်ဆုံး။

**ကြည်စိုးထွန်း** ။ ။ နေဦး၊ ဒီ အောင်မိုးက ခုနက မေသင်းကြိုင်နဲ့

**ဒေါ်မေလွင်** ။ ။ မေမြင့်ရီပါ၊

**ကြည်စိုးထွန်း** ။ ။ မေမြင့်ရီနဲ့ အိမ်ထောင်ကျတာနော်။

**ဒေါ်မေလွင်** ။ ။ အောဝမ်းက မင်းသမီးလေးပါ။

**ကြည်စိုးထွန်း** ။ ။ အောဝမ်းက 'မေ'



မေညွန့်

တွေပေ့ါ။ အစ်မ အဲဒါ လှူလိုက်တယ်လို့ ကြားတယ်။

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့ရှင့် ၇၇ ခုနှစ်လောက်တုန်းက မဟာစည်ဆရာတော်ကြီးကို လှူခဲ့ပါတယ်။ အဲဒီမှာ တရားဝင်ရင်းနဲ့ မဟာစည်ဆရာတော်ကြီးလည်း မန္တလေးမှာ အဆောက်အအုံ လုပ်နေတယ်ဆိုတော့ အဲဒီမှာ ဦးသံဝရနဲ့ မဟာစည်ဆရာတော်ကြီးကို ရေစက်ချပြီး လှူခဲ့ပါတယ်။

**ကြည်စိုးထွန်း** ။ ။ သာဓုပါ အစ်မရယ်၊ သာဓုပါ၊ သာဓုပါ။ 'ချစ်မမ' ပြီးတော့ အစ်မ ဘာတွေ ရိုက်ဖြစ်သေးလဲ။

**ဒေါ်မေလွင်** ။ ။ 'ချစ်စေတနာ'

**ကြည်စိုးထွန်း** ။ ။ 'တွေးရခက်ကြီး' တို့

**ဒေါ်မေလွင်** ။ ။ 'တွေးရခက်ကြီး' က ကိုပါကြီး၊ ကိုပါကြီး နှစ်ကိုယ်ခွဲ၊ ခင်လေးဆွေလည်းပါတယ်။ မေနုလည်း ပါပါတယ်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော် 'မေ' နာမည် တပ်ထားတဲ့ မင်းသမီးတွေထဲက ဒေါ်မေနုနဲ့ ဒေါ်မေမြင့်က တော်တော်စောတယ်တဲ့။ တော်တော်စောတယ်ဆိုတာ ငယ်ငယ်လေးကတည်းက (၁၂) နှစ်၊ (၁၃) နှစ်လောက်ကတည်းက

**ဒေါ်မေလွင်** ။ ။ ဒေါ်မေညွန့်ကလည်း ပိုစော သေးတယ်။ ဒေါ်မေရှင်တို့၊ ဒေါ်မေသန်းတို့ထက်တောင် စောသေးလား မသိဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား၊ ဒေါ်မေညွန့်ကလေ၊ သြော်-သြော်-ကျွန်တော်တို့က မေသန်းက အစောဆုံး မှတ်နေတာပေ့ါ။ နောက်တစ်ခါ တစ်ယောက်



မေရှင်

အစ်မတို့ကရော ခတ်ပြားတွေ လုပ်ခဲ့ရသေးလား။

**ဒေါ်မေလွင်** ။ ။ လုပ်ခဲ့ရပါတယ်။ ဦးညီပုကားမှာ

**ကြည်စိုးထွန်း** ။ ။ 'ပန်သစ္စာ'

**ဒေါ်မေလွင်** ။ ။ အဲဒီမှာ ခတ်ပြားတစ်ခု သွင်းဖူးပါတယ်။ နောက်ပြီးတော့ အောဝမ်းကလည်း သွင်းသေးတယ်။ အိပ်မက်ထဲကကိုလူပျို ဆိုပြီးတော့ သွင်းသေးတယ်။

**ကြည်စိုးထွန်း** ။ ။ သြော်- ကြားဖူးတယ်။

**ဒေါ်မေလွင်** ။ ။ ဒေါ်မေရှင်နဲ့ တစ်ခြမ်းစီ။ ကိုခင်မောင်အဖွဲ့နဲ့လည်း အောဝမ်းမှာ ဆိုပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။ အောဝမ်း ခင်မောင်

**ဒေါ်မေလွင်** ။ ။ ဟိုးအရင် မြန်မာ့အသံ အဟောင်းမှာကတည်းက၊ ဝင်ဒါမီယာက မြန်မာ့အသံမှာကတည်းက ဆိုပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ အစောကြီးပေ့ါ အစ်မရဲ့နော်။ အစောကြီးပေ့ါ၊ တီးဝိုင်းကနေ ဆိုနေတာပေ့ါ။ အဲဒီတော့ တချို့ခတ်ပြားတွေရော မရှိတော့ဘူးမလား အစ်မဆီမှာ။

**ဒေါ်မေလွင်** ။ ။ မငွေး မြန်မာ့အသံကိုပဲ လှူလိုက် ပါတယ်။ လက်ကျန်တွေလည်း ကိုသစ္စာကို ထင်တယ်။ လှူလိုက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ ကတော့ အဲဒီ 'အိပ်မက်ထဲက ကိုလူပျို' နော်။ အဲဒါလည်း ကြားသလိုလိုတော့ ရှိတာပဲ။ နောက် 'ချစ်သက်ဝေ' ထဲက



မေသန်း

လည်း။ နောက် အစ်မ 'လေလွင့်လိပ်ပြာ'တို့၊ ဘာတို့လည်း ရှိသေးတယ်။

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့ 'လေလွင့်လိပ်ပြာ' က ဝိညာဉ်ကားမို့လို့ သူတို့ ban ထားတယ်နဲ့ တူတယ်။ နောက်ပိုင်း မပြရဘူးလေ။ တစ္ဆေကား၊ သရဲကားတွေ မပြရဘူးဆိုလို့ အဲဒီကားပိတ်လိုက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ သူက တစ္ဆေသရဲလား သို့မဟုတ် လိပ်ပြာ သဘောတွေလား။

**ဒေါ်မေလွင်** ။ ။ အဲဒီအိမ်ကြီးမှာ အပြစ်ပေးခံနေရတဲ့ ဝိညာဉ်လိုပေ့ါ။ မငွေးက ဆယ်တန်းဖြေဖို့ နယ်ကနေပြီးတော့ တက်သွားတော့ အဲဒီမှာ ညညဆိုလေးနာရီဆို ထွက်ထွက်ပြီးတော့ ဝိညာဉ်ကြီးက မငွေးကို ဒုက္ခပေးတာ အဲဒါ။ ရည်းစားစကားလိုက်ပြောတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား အဲဒါက ဘယ်သူလုပ်လဲအစ်မရဲ့။

**ဒေါ်မေလွင်** ။ ။ ဦးသိန်းဇော် နှစ်ကိုယ်ခွဲပါ။ တစ်ကိုယ်က သရဲလုပ်တယ်။ သရဲက လူထဲကို ဝင်ပြီးရင်လုပ်ရော၊ သရဲထွက်သွားရင် အဲဒီလူက မသိဘူး။ မသိတော့ နောက်ပိုင်း စကားများကြတာ။ အဲဒါတွေပေ့ါ။

**ကြည်စိုးထွန်း** ။ ။ သြော်-ကားက ထူးထူးဆန်းဆန်း

**ဒေါ်မေလွင်** ။ ။ အမေနွဲ့ ကိုလည်း ဦးမြတ်သာကို ဝင်ပြီးတော့ အမေနွဲ့ကို သွားရည်းစားစကား ပြောကြတယ်။ အဲဒီမှာ အမေနွဲ့နဲ့ စကားများကြ၊ အဲဒါတွေ ဖြစ်ကုန်ပါတယ်။



မေသင်းကြိုင်

ဆိုတော့ ဒါမျိုးလေးတွေက ရိုက်လို့ ရချင်ရမှာ အစ်မရဲ့နော်။ ကြည့်ရရင်တော့ ကောင်းမှာပေ့ါ။ ထူးလည်း ထူးဆန်းတယ်နော်။ နောက် ဒါရိုက်တာကလည်း ဖိုက်တင်မှာလည်းသန်၊ ဟာသမှာလည်း သန်၊ သူကိုယ်တိုင်ကလည်း ဟာသသရုပ်ဆောင်ဆိုတော့ ကားလေးက တော်တော်ကြည့်လို့ ကောင်းမှာပေ့ါနော်။

**ဒေါ်မေလွင်** ။ ။ ဦးတင်မောင်က အမြဲတမ်း ဦးစီးကြီးကြပ်ပြီး လုပ်ပေးတယ်ဆိုတော့ ပိုပြီးတော့ အဆင်ပြေသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ သူကတော့ လွှတ်မထားဘူးပေ့ါနော်။

**ဒေါ်မေလွင်** ။ ။ လွှတ်မထားဘူး။ ပိုပြီးတော့ Quality ကောင်းအောင် အမြဲတမ်း ဆောင်ရွက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ထူးထူး ဆန်းဆန်းပဲ အောဝမ်းကနေပြီးတော့ အစ်မတို့ တပျော်တပါးကြီး ရိုက်တဲ့ကား တစ်ခုရှိပါသေးတယ်။ တစ်ခါတည်း စုံတွဲတွေ အများကြီးနဲ့ ရိုက်တဲ့ကား။

**ဒေါ်မေလွင်** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ 'မောင်နှံ့ ခုနစ်ဖော်' ဆိုတာ။

**ကြည်စိုးထွန်း** ။ ။ အဲဒါ ဘယ်သူရိုက်လဲ မသိဘူး။

**ဒေါ်မေလွင်** ။ ။ အဲဒါ ဦးသိန်းဇော် ရိုက်တာပါ။

**ကြည်စိုးထွန်း** ။ ။ မင်းသားတွေ လည်း အများကြီးပဲ။

**ဒေါ်မေလွင်** ။ ။ စိန်ဖေတင် လည်း ပါတယ်၊ အဲဒီမှာ



အောဝမ်းခင်မောင်

တစ်ယောက်ပဲ။

**ဒေါ်မေလွင်** ။ ။ မေမြင့်ရီပါ၊ နောက်ဆုံး မင်းသမီးလေးပါ၊ သူကလည်း။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အစ်မက အဲဒီထဲမှာ ဘယ်သူနဲ့တွဲရလဲ၊ ကိုသိန်းဇော်နဲ့ပဲလား။

**ဒေါ်မေလွင်** ။ ။ မဟုတ်ဘူး၊ ကိုခင်မောင်ဇင်နဲ့။

**ကြည်စိုးထွန်း** ။ ။ ဟားဟား၊ ကိုသိန်းဇော်က ဘယ်သူနဲ့တွဲလဲ။

**ဒေါ်မေလွင်** ။ ။ ကိုသိန်းဇော်က မေလှဲ့ဝင်းနဲ့ တွဲတယ်။ မောင်မြင့်အောင်လည်း ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ကိုမြင့်အောင် ကရော၊ ဒေါ်မေလွင်၊ မောင်မြင့်အောင်က ဘယ်သူလဲမသိဘူး။ အဲဒီမှာ ကောင်မလေးတစ်ယောက်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ပျော်စရာကြီး နေမှာပဲနော် ။ မင်းသား မင်းသမီးတွေ အဲဒီမှာ စုဆုံပြီးတော့နော် ဟိုအကြောင်း ဒီအကြောင်းလည်း ပြောကြမှာပဲနော်။ ဟား ဟား... ဆုံကြတာကိုး အစ်မရဲ့ နော်။ နောက်ကျတော့ အစ်မ အဲဒီကားလေးကတော့ ကျွန်တော်တို့လည်း အရွယ်ရောက်လာပြီပေ့ါ၊ အရွယ်ရောက်လာပြီးတော့ Romance လေးတွေလည်း ကြိုက်တယ်။ နောက် Action လေးတွေလည်း ကြိုက်တဲ့အချိန်မှာ အစ်မနဲ့ ဦးကျော်ဆွေနဲ့ ချစ်မေတ္တာ။ *(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ်ရှိ အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**သံတွဲ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဇူလိုင် ၃၀ ရက် ညနေပိုင်းက သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် သံတွဲခရိုင်အတွင်းရှိ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းကျော်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးများက အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် သံတွဲခရိုင်လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် လူရည်ချွန်ကြီးများကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက သံတွဲခရိုင် လူရည်ချွန်ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၇၁၀၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ နဝရူပဗျာလ္လတံဆိပ်တို့ကို ဂုဏ်ပြုချီးမြှင့်ပေးကြသည်။ ယင်းနောက် လူရည်ချွန်မောင်မယ်လေးများကိုယ်စား အထက (၁) တောင်ကုတ် ဒသမတန်းမှ သုံးထပ်ကွမ်းလူရည်ချွန် မောင်ဇေယျာလင်းထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ခရိုင်
(ပြန်/ဆက်)




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု က အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းကျော်ထံ လွှဲပြောင်းပေးအပ်စဉ်။

# ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အတွင်းရှိ သတင်းမီဒီယာသမားများ တွေ့ဆုံ

**ဟားခါး ဇူလိုင် ၃၁**

ချင်းပြည်နယ်အစိုးရအဖွဲ့က ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် ပြည်သူများ၏ အခြေအနေများ အပါအဝင် ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စများနှင့် ပတ်သက်၍ ချင်းပြည်နယ်အတွင်းရှိ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံသတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၃၀ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအား၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသတွင်းမှ သတင်းမီဒီယာသမားများ တက်ရောက်သည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့က ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကယားပြည်နယ်လွှတ်တော်တွင် ဘတ်ဂျက်စိစစ်ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကယား ဇူလိုင် ၃၁**

ကယားပြည်နယ် လွှတ်တော်တွင် ဘတ်ဂျက်စိစစ်ကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် International IDEA ၏ စီမံကိန်းတစ်ခုဖြစ်သည့် Support Hluttaw Works on Effective Budget Oversight (SHWEBO) က အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်တွင် ကျင်းပရာ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး တက်ရောက်ဆွေးနွေး ခဲ့သည်။

"လွှတ်တော်အမတ် ဖြစ်လာပြီဆိုရင် ဘတ်ဂျက်ကိစ္စရပ်တွေကို သိနားလည်ထားရမယ်လို့ သိထားပါတယ်။ ကယားပြည်နယ်လွှတ်တော်က အဖွဲ့ဝင်များအနေနဲ့ လွှတ်တော်စတင်ကတည်းက ဘတ်ဂျက်ဆိုင်ရာ လုပ်ငန်းတွေကို အဆင်ပြေအောင် ကြိုးစားခဲ့ကြပါတယ်။ အခုလို ကယားလွှတ်တော်ကို တန်ဖိုးထားပြီး ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဦးလှထွေးက အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ယခုအလုပ်ရုံ ဆွေးနွေးပွဲသည် လွှတ်တော်ဘတ်ဂျက် ကြီးကြပ်စိစစ်မှုလုပ်ငန်းများကို ပိုမိုထိရောက်လာစေရန်အတွက် SHWEBO စီမံချက်က ပံ့ပိုးကူညီခြင်းဖြစ်ကာ ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေး ကော်မတီဝင်များနှင့် ကယားပြည်နယ် လွှတ်တော်ဝန်ထမ်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်သူများက ယခင်ငါးနှစ်တာကာလအတွင်း တွေ့ကြုံခဲ့ရသည့် ဘတ်ဂျက်စိစစ်ကြပ်မတ်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို အခြေခံကာ လိုအပ်သည်များကို အတူတကွ ဖလှယ်ခဲ့ကြခြင်းဖြစ်သည်။

ယခု အလုပ်ရုံဆွေးနွေးပွဲသည် ဘတ်ဂျက်စိစစ်မှုများတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများအတွက် အလားအလာရှိသော ရလဒ်များ ထွက်ပေါ်လာစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ နောက်ဆက်တွဲ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လကုန်ပိုင်းခန့်တွင် ကျင်းပနိုင်ရန်လည်း သဘောတူညီမှု ရရှိခဲ့သည်။ SHWEBO စီမံကိန်းအတွက် ဥရောပသမဂ္ဂနှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့က ထောက်ပံ့ကူညီပြီး ယခု အလုပ်ရုံဆွေးနွေးပွဲကို မော်လမြိုင်မြို့ အခြေစိုက် Point B Design + Training က ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ကျော်ဆုမွန်



ဘတ်ဂျက်စိစစ်ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

# ရောဝတီမြစ်ရေညောင်ဦးမြို့နှင့် ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်နှင့် ဆိပ်သာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ၄-၈-၂၀၂၀ ရက်နေ့ခန့်၌ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

# ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းစဉ်သစ်ပေါ်ထွက်လာရေး ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်း ကွင်းဆင်းလေ့လာ

**မြစ်ကြီးနား ဇူလိုင် ၃၁**

ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) ဥက္ကဋ္ဌ ဦးတူးခေါင်နှင့် ဦးစီးကော်မတီအဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက်က မြစ်ဆုံ၊ အောင်မြင်သာ၊ ဝါရှောင်ဆည်နှင့် ငွေရွှတ်ရန်ဒေသသို့ ပြည်နယ်ခရီးသွားလုပ်ငန်း၏ ခရီးစဉ်တစ်ခုပေါ်ထွက်ရေးနှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ခရီးသွားပြည်သူတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ကွင်းဆင်းလေ့လာကြောင်း သိရသည်။

ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) ဥက္ကဋ္ဌက ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၏ လုံခြုံစိတ်ချမှုရှိစေရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီမံခန့်ခွဲရေးဆိုင်ရာများ မြှင့်တင်သွားရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်း၍တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး သဘာဝခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုရန်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူထုကို အခြေပြုသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် စသည်တို့ကို ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများနှင့် ပူးပေါင်း၊ ဆောင်ရွက်သွားရန် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

ဂျေဂျေ
(ခေါင်လန်ဖူး)

# ဝဝန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❖*ကျောဖုံးမှ*

ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး စုစုပေါင်း ၅၅၆၁၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၇ ဦး၊ အမျိုးသမီး ၁၃၆ ဦး စုစုပေါင်း ၃၄၃ ဦးဖြစ်ပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ရေနံချောင်း၊ ညောင်ဦးနှင့် ခင်ဦးမြို့နယ်တို့တွင် မြစ်ရေဝင်မှုကြောင့် ကျောင်းအချို့ပိတ်ထားရပြီး ပြည်သူများ ဘေးလွတ်ရာရွှေ့ပြောင်း

### ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာအုပ်စု ကုန်းသောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဇူလိုင် ၃၀ ရက်မှစတင်၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၃၀ ရက်က ကုန်းသောင်ကျေးရွာ အ.ထ.က(ခွဲ)ကျောင်းအတွင်း မြစ်ရေနှစ်ပေနီးပါးဝင်ရောက်ခဲ့ပြီး ဆရာ ဆရာမ ၁၃ ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့အား ဘေးန္တရာယ်ကင်းရှင်းစေရန်အတွက် ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းပိတ်ရက်များကို မြစ်ရေပြန်လည်ကျဆင်းချိန် အဖိတ်နေ့များတွင် ပြန်လည်အစားထိုးသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းနှင့် အထက်တန်း(ခွဲ) ကျောင်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ယခုလ ၂၁ ရက်မှစ၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

### ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၅) သီလရင်စုရပ်ရှိ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် အန္တရာယ်ရှိအိမ်ထောင်စုများကို ညောင်ဦးခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့က ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲမှစတင်ကာ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်လျက်ရှိရာ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဝင်ရောက်ရာနေအိမ်များအတွင်းရှိ ပရိဘောဂများနှင့်အသုံးအဆောင်ပစ္စည်းများကို ရေဘေးသင့်လူနေအိမ်များ ယာယီနေထိုင်မည့် သီလရင်စုရပ် မြသိန်းတန်ဘုရားဝင်းအတွင်း ယာယီရေးဘေးရှောင်စခန်းသို့ မော်တော်ယာဉ်နှစ်စီးဖြင့် သယ်ယူရွှေ့ပြောင်းကူညီလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

### ခင်ဦး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကဘွက်ကျေးရွာနှင့် ရုံးပင်ကျေးရွာတို့မှ နေအိမ်ပြောင်းရွှေ့ရသော အိမ်ထောင်စု ကိုးစုအတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုလင်းအောင်မှတစ်ဆင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးမှူး ဒေါ်ချောစုက ရေဘေးသင့်အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၃ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၉၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ညောင်ဦးမြို့နယ်တွင် ရောဝတီမြစ်ရေဝင်မှုကြောင့် နေအိမ်များမှ ပြည်သူများအား ဘေးလွတ်ရာ ရွှေ့ပြောင်းပေးစဉ်။

ရောဝတီမြစ်ရေဝင်မှုကြောင့် ကဘွက်ကျေးရွာတွင် အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၄ ဦးနှင့် ရုံးပင်ကျေးရွာတွင် အိမ်ထောင်စု ငါးစု၊ လူဦးရေ ၁၉ ဦး နေအိမ်မှ ပြောင်းရွှေ့ရကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

❑ ကျော်ဖုံးမှ

ပြန့်ပွားမှုမဖြစ်ပေါ်ရေး ယခုကဲ့သို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ နှာခေါင်းစည်းမတပ်ဆင်သူများကို နှာခေါင်းစည်းများ ဝယ်ယူတပ်ဆင်စေခြင်း ဒဏ်တပ်ရိုက်အရေးယူမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများကို မြို့နေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုလုပ်ငန်းများ ပေါ့လျော့မှုမရှိ သတိပြုလိုက်နာဆောင်ရွက်ကြရေး ရည်ရွယ်ခြင်းဖြစ်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

## ဝက်လက်မြို့နယ်တွင် အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ် ဆိုင်ကယ်ကိုဝင်တိုက်၊ သုံးဦးသေဆုံး

ဝက်လက် ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကိုတိုက်မိ၍ သုံးဦးသေဆုံးခဲ့ကြောင်း ဝက်လက်မြို့မရဲစခန်းမှ သိရသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ဝက်လက်မြို့နယ် ရွှေဘို- မန္တလေးကားလမ်း စိုင်နိုင်လေးကျေးရွာမြောက်ဘက် သုံးမိုင်ခန့်အကွာ လမ်းကွေ့အနီးတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မလွန်အိုးတန်းလေးရပ်နေသူ ယာဉ်မောင်း သာချစ် (ခ) မောင်မောင်ရင် (၆၇ နှစ်) မောင်းနှင်လာသော ကန်တာယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာနေသူ ဖော်ခိုင်ဝင်း(၂၂ နှစ်) မောင်းနှင်၍ နောက်တွင် ကြာပန် (၂၄ နှစ်) နှင့် သဲသဲမာ (၂၂ နှစ်) တို့လိုက်ပါလာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်စီးနင်းလာသူသုံးဦးမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သာချစ် (ခ) မောင်မောင်ရင်အား ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက် (ရွှေဘို)

## PUBG MOBILE Myanmar Championship 2020 Season 2 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာ့လူငယ် Esports ကစားသမားများကို PUBG MOBILE ၏ အရှေ့တောင်အာရှဒေသအတွင်းတွင် အကြီးမားဆုံး နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် PMPL (PUBG MOBILE Pro League) SEA Finals ပြိုင်ပွဲကြီးအထိ သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်တွင်းပြိုင်ပွဲ PUBG MOBILE Myanmar Championship 2020 Season 2 ကို ဩဂုတ် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

PUBG MOBILE Myanmar Championship 2020 Season 2 ပြိုင်ပွဲအတွက် Online Registration ကို ဇူလိုင် ၃၁ ရက်တွင် စတင်ဖွင့်လှစ်ထားပြီး စိတ်ပါဝင်စားသည့် မည်သူမဆို ဩဂုတ် ၁၁ ရက်အထိ စာရင်းပေးသွင်းနိုင်၍ ပါဝင်ယှဉ်ပြိုင်နိုင်ကာ အသင်းပေါင်း ၁၂၀၀ အထိ လက်ခံသွားမည်ဖြစ်သည်။ အဆိုပါ အသင်းပေါင်း ၁၂၀၀ ကို အဖွဲ့ပေါင်း ၆၀ ဖြင့် ဖွဲ့စည်းကာ Online Qualifier အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်း Online Qualifier များကို ဩဂုတ် ၁၅ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါ Online Qualifier မှ အမှတ်အများဆုံး အသင်း ၁၆ သင်းသည် PUBG MOBILE Myanmar Championship 2020 Season 2 Finals သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကြီးကို စက်တင်ဘာလ ပထမအပတ်တွင် ကျင်းပမည်ဖြစ်ပြီး ဆုကြေးငွေ ကျပ်သိန်း ၅၀၀ ချီးမြှင့်မည်ဖြစ်သည်။

PUBG MOBILE Myanmar Championship 2020 Season 2 ပြိုင်ပွဲမှ ထိပ်ဆုံးအသင်းလေးသင်းသည် PMCO SEA Wildcard Finals အဆင့်ကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

PUBG MOBILE အနေဖြင့် PMPL (PUBG MOBILE Pro League) SEA Finals ကို တစ်နှစ်လျှင် နှစ်ကြိမ် နွေဦးနှင့် ဆောင်းဦးရာသီတို့တွင် စီစဉ်ကျင်းပလေ့ရှိပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အရှေ့တီမော၊ ဘရူနိုင်း၊ ဖိလစ်ပိုင် အစရှိသော နိုင်ငံများမှ ထိပ်တန်းကစားသမား၊ အသင်းများ ယှဉ်ပြိုင်ကြရသည့် ဂိမ်းပွဲကြီးတစ်ခုဖြစ်သည်။

PMCO SEA Wildcard Finals အဆင့်သည် ကိုယ်ပိုင် League မရှိသော မြန်မာ၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ လာအို၊ အရှေ့ တီမောနှင့် ကမ္ဘောဒီးယား အစရှိသော အရှေ့တောင်အာရှနိုင်ငံများ Online တွင် အချင်းချင်း ယှဉ်ပြိုင်ရသော ပြိုင်ပွဲဖြစ်သည်။ PUBG MOBILE Myanmar Championship 2020 Season 2 ပြိုင်ပွဲမှ အနိုင်ရရှိသော မြန်မာအသင်း လေးသင်းနှင့် လာအို၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံများမှ Online ပြိုင်ပွဲများမှ အနိုင်ရရှိသော အသင်း ၁၂ သင်း စုစုပေါင်း အသင်း ၁၆ သင်းတို့သည် PMCO SEA Wildcard Finals အဆင့်တွင် အွန်လိုင်းမှတစ်ဆင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါအဆင့်တွင် ထိပ်ဆုံးရပ်တည်နိုင်သော အသင်းသုံးသင်းကသာ ကိုယ်ပိုင် League ရှိသောနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံမှ အသင်းများနှင့်အတူ PMPL (PUBG MOBILE Pro League) SEA Finals သို့ တက်လှမ်းယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

အာကာစိုး

## ပုဇွန်တောင်မြို့နယ်တွင် ဖုန်းအရောင်းဆိုင်အတွင်းမှ ငွေကျပ်သိန်း ၁၇၀ နှင့် ဖုန်းငွေဖြည့်ကတ်များ ခိုးယူသူကို ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ Aquarius Liquor ဖုန်းအရောင်းဆိုင် မန်နေဂျာ မ---သည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခန့်က ဆိုင်တံခါးကိုဖွင့်ပြီး ဆိုင်အတွင်းရှိ ကောင်တာနှင့် စားပွဲများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရုံးခန်းအတွင်းရှိ အံဆွဲအတွင်းမှ ငွေကျပ်သိန်း ၁၇၀ နှင့် ဖုန်းငွေဖြည့်ကတ် ၁၈ ကတ်၊ တန်ဖိုးငွေကျပ် ၂၄၀၀၀ တို့မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခိုးယူသွားသူအား အရေးယူပေးပါရန် ပုဇွန်တောင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုအား အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှသိန်း ဦးဆောင်သည့် ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်သန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဇော်ထွဋ် အဖွဲ့က စစ်ဆေးမေးမြန်းခဲ့ရာ ဆိုင်အရောင်းဝန်ထမ်းဖြစ်သူ အမှတ်(၈၄၆) သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံ (၁၄)လမ်းနေသူ လင်းခန့်ကိုကို (၂၁ နှစ်) မှ ကျူးလွန်ခဲ့ကြောင်းနှင့် သက်သေခံပစ္စည်း ငွေနှင့် ဖုန်းငွေဖြည့်ကတ်တို့ကို နေအိမ်၌သိမ်းဆည်းထားကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်း ငွေကျပ်သိန်း ၁၇၀ နှင့် ဖုန်းငွေဖြည့်ကတ်တို့ကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ လင်းခန့်ကိုကိုအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

● ကျော်ဖုံးမှ

ပေါ်တူဂီသတင်းများတွင် ဖော်ပြချက်အရ အသက် (၂၉ နှစ်) အရွယ် ဂျီမီနက်ဇ်သည် လာမည့်နှစ် ချန်ပီယံလိဂ်တွင် နည်းပြဆိုးလ်ရှားလက်အောက်၌ ကစားလိုသည်ဟု ဖော်ပြထားသည်။ ထို့အပြင် ဝုဖ်အသင်းအနေဖြင့် ၎င်း၏နေရာကိုဖြည့်ဆည်းရန် ဘရာဂါတိုက်စစ်ကစားသမားကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သောကြောင့် ဂျီမီနက်ဇ်အနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လိမ့်မည်ဟုလည်း ဖော်ပြထားသည်။ အသက် (၂၇ နှစ်) အရွယ်ရှိ ပေါ်တူဂီတိုက်စစ်ကစားသမား ပေါ်လင်ဟိုသည် ဘရာဂါအသင်းအတွက် ယခုနှစ်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၄၈ ပွဲ ပါဝင်ကစားထားပြီး ၂၅ ဂိုးသွင်းယူကာ ဂိုးရရှိအောင် ကိုးကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

နည်းပြ ဆိုးလ်ရှားသည် မာရှယ်၊ ရက်ဖို့ဒ်နှင့် ဂရင်းဝုဒ်တို့ကို ကူညီပေးနိုင်မည့် တိုက်စစ်ကစားသမားသစ်တစ်ဦးကို ဈေးကွက်အတွင်း ရှာဖွေနေခြင်းဖြစ်ကာ အဆိုပါ တိုက်စစ်ကစားသမားနေရာအတွက် ဂျီမီနက်ဇ်အနေဖြင့် အကောင်းဆုံးဖြည့်စွမ်းနိုင်လိမ့်မည်ဟုလည်း သတင်းများတွင် ရေးသားဖော်ပြကြသည်။ လက်ရှိ မန်ယူတိုက်စစ်ကစားသမား သုံးဦးဖြစ်သည့် မာရှယ်၊ ရက်ဖို့ဒ်နှင့် ဂရင်းဝုဒ်တို့သည် ကိုဗစ် - ၁၉ ကြောင့် ပရီမီယာလိဂ်ပွဲစဉ်များ ပြန်လည်စတင်ချိန် နောက်ပိုင်းတွင် အတွဲအဖက်မိပြီး ဂိုးများသွင်းယူထားနိုင်သည့် ကစားသမားများဖြစ်သည်။ သို့သော်လည်း နည်းပြ ဆိုးလ်ရှားသည် ထိုကစားသမားများ ဒဏ်ရာအနာတရ ရရှိမည်ဆိုပါက အချိန်မီ ကုစားနိုင်ရန်အတွက် တိုက်စစ်ကစားသမားသစ်တစ်ဦးကို ခေါ်ယူလိုခြင်းဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

အခြားဆက်စပ်သတင်းတစ်ရပ်အနေဖြင့် ဒေါ့မွန်အသင်းသည် ဆန်ချိုအတွက် မန်ယူအသင်း၏ ကနဦးပြောင်းရွှေ့ကြေးကို သဘောတူညီဖွယ်ရှိနေသည့်အတွက် ဆန်ချိုအနေဖြင့် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ကစားရန် နီးစပ်လာကြောင်းလည်း သိရသည်။ ဒေါ့မွန်အသင်းသည် မန်ယူအသင်း၏ ကနဦးပြောင်းရွှေ့ကြေး ပေါင် သန်း ၆၀ ကို လက်ခံဖွယ်ရှိနေခြင်းဖြစ်ပြီး ထပ်ဆောင်းကြေးများသာ ထည့်ပေါင်းပါက အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးသည် ပေါင်သန်း ၁၀၀ ကျော်သွားနိုင်ကြောင်း နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ သိရသည်။

ဆိုးလ်ရှား၏ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၆ ရက်တွင် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် LASK အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအကျော့တွင် မန်ယူက LASK အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိထားသည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယူရိုပါလိဂ်တွင် နောက်တစ်ဆင့်တက်ရောက်ရန် အလားအလာကောင်းနေသည့် အသင်းလည်းဖြစ်သည်။

အောင်ဇော်

# ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂ ဒသမ ၆ သန်းကျော်ရှိပြီး သေဆုံးသူ ၉၀၀၀၀ ကျော်လာ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၃၁**

ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ်သေဆုံးသူ ၁၁၂၉ ဦး ကျော်လွန်ခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းမှာ ၉၁၂၆၃ ဦးအထိ ရှိလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးအာဏာပိုင်များက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားသူ ၅၇၈၃၇ ဦးရှိကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူပေါင်း ၂၆၁၀၁၀၂ ဦးရှိကြောင်း ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံ၏ လူအထူထပ်ဆုံး အရှေ့တောင်ပိုင်းပြည်နယ် ဆော်ပိုလိုသည် ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားရပြီး ကပ်ရောဂါကူးစက်ခံရသူ ၅၂၉၀၀၆ ဦး ရှိသည့်အနက် ၂၂၇၁၀ သေဆုံးခဲ့သည်။ ရီယိုဒီဂျနေးရိုးသည် ဒုတိယ ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုဒဏ်ကို အဆိုးဆုံး ခံစားခဲ့ရသောမြို့ဖြစ်ပြီး လူပေါင်း ၁၆၃၆၄၂ ဦး ကူးစက်ခံရကာ သေဆုံးသူ ၁၃၃၄၈ ဦး ရှိခဲ့သည်။ တတိယနေရာတွင် ရှိသောမြို့မှာ စီရာလာဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၁၄၆၈ ဦး ရှိကာ သေဆုံးသူ ၇၆၆၁ ဦးရှိကြောင်း သိရသည်။



ဘရာဇီးနိုင်ငံ ဘရာစီးလီးယားရှိ ကျောင်းတစ်ကျောင်းတွင် အလုပ်သမားတစ်ဦး ပိုးသတ်ဆေးဖျန်းနေစဉ်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို အဆိုးဆုံးခံစားရသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ သမ္မတရုံးကလည်း ဘရာဇီးသမ္မတ၏ ဇနီးဖြစ်သူတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဇီးနိုင်ငံသမ္မတရုံး လူမှုရေးပြန်ကြားမှုဆိုင်ရာအတွင်းရေးမှူးက ထုတ်ပြန်ကြေညာချက်တွင် ဘရာဇီးနိုင်ငံသမ္မတ၏ဇနီးသည် ဇူလိုင် ၃၀ ရက်က ကိုဗစ်-၁၉ ရောဂါစစ်ဆေးရာတွင် ရောဂါကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး လက်ရှိအချိန်တွင် ၎င်းအနေဖြင့် အခြေအနေကောင်းမွန်ကာ သမ္မတရုံးဆေးဘက်ဆိုင်ရာ အဖွဲ့က အနီးကပ်စောင့်ကြည့်ပေးနေကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဇီးနိုင်ငံသမ္မတသည်လည်း ဇူလိုင် ၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ၂၅ ရက်တွင် ရောဂါပျောက်ကင်းသွားကြောင်း ပြန်လည်ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၃၀ ရက်က ဘရာဇီးနိုင်ငံ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် ဆက်သွယ်ရေးဝန်ကြီးမှာလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဘရာဇီးနိုင်ငံတွင် ကပ်ရောဂါစတင်ဖြစ်ပွားပြီးနောက် ဝန်ကြီးများနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများစွာ အဆိုပါရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်အစိုးရက နိုင်ငံခြားသားနေထိုင်သူများကို ဩဂုတ် ၅ ရက်မှစပြီး ပြန်လည်လက်ခံမည်

**တိုကျို ဇူလိုင် ၃၁**

ဂျပန်အစိုးရသည် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားအချို့ကို ဩဂုတ် ၅ ရက်မှစပြီး ပြန်လည်ဝင်ရောက်ခွင့် ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသအဖြစ် လောလောဆယ်တွင် နိုင်ငံနှင့်နယ်မြေ ၁၄၆ ခုမှ နိုင်ငံခြားသားဝင်ရောက်မှုကို ဂျပန်နိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။

ဂျပန်မှ ထွက်ခွာသွားသည့် နေထိုင်ခွင့်ရထားသူ နိုင်ငံခြားသားများကိုလည်း အရေးပေါ်အနေအထားမှလွဲ၍ ပြန်လည်ဝင်ရောက်မှုကို တားမြစ်ထားသည်။

ယခုအခါတွင် ပီစီအာရ်နည်းဖြင့် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှု ခံယူမှုပြုလုပ်ရမည်ဆိုသည့် လိုအပ်ချက်များကို ပြည့်မီထားသည့် ကန့်သတ်ချက်များနှင့် နေထိုင်မည့် နိုင်ငံခြားသားများ၏ ပြန်လည်ဝင်ရောက်မှုကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောသည်။



ဂျပန်လူဝင်မှုကြီးကြပ်ရေးက လူဝင်မှုကြီးကြပ်မှုများ ဆောင်ရွက်နေစဉ်။

ပြန်လည်ဝင်ရောက်ခွင့်ပြုသူများတွင် အကျုံးဝင်သူများမှာ နိုင်ငံတကာ ကျောင်းသား ကျောင်းသူများ၊ နည်းပညာအလုပ်သင်များနှင့် ဂျပန်တွင် တာဝန်ကျသည့် ကုမ္ပဏီဝန်ထမ်းများပါဝင်ကြောင်း သိရသည်။

ပြည်ဝင်ခွင့် ကန့်သတ်ချက်များ ချမှတ်မည့်အချိန်မတိုင်မီ ဂျပန်မှ ယာယီထွက်ခွာသွားသူများကိုလည်း ပြန်လည် ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံကြားတွင် စီးပွားရေးသမားများ အပြန်အလှန်သွားလာမှုကို ခွင့်ပြုနိုင်ရေး သဘောတူထားပြီးဖြစ်သည်နှင့်အညီ အချိန်ကြာရှည်နေထိုင်မှု ဗီဇာလျှောက်လွှာကို စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားသား နေထိုင်သူများသည် ဂျပန်နိုင်ငံကို ဩဂုတ်လတွင် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန် အောက်လွှတ်တော်အစည်းအဝေးတွင် အမတ်များနှင့် ဝန်ထမ်းများအားလုံး နှာခေါင်းစည်းတပ်ဆင်ရမည်ဟု လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီပြော

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ အောက်လွှတ်တော်အစည်းအဝေးတွင် အမတ်များနှင့် ဝန်ထမ်းများအားလုံး ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမည်ဟူသော မဖြစ်မနေ လုပ်ဆောင်ရမည့် နှာခေါင်းစည်းမူဝါဒတစ်ခုကို လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက ကြေညာခဲ့ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးခန်းမတွင် အမတ်များနှင့် ဝန်ထမ်းများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရန်လိုအပ်မည်ဖြစ်ကြောင်း နန်စီပယ်လိုစီက ပြောကြားလိုက်သည်။ လွှတ်တော်အမတ်များအနေဖြင့် စကားပြောဆိုနေချိန်တွင် နှာခေါင်းစည်းများကို ယာယီချွတ်ထားနိုင်သည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

ကယ်လီဖိုးနီးယား ဒီမိုကရက်တစ်ဦးဖြစ်သူ ပယ်လိုစီက ၎င်းသည် လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့်အမတ်များအား ထွက်ခွာသွားရန် ပြောနိုင်သော အခွင့်အာဏာရှိကြောင်း ပြောကြားလိုက်သည်။

တက္ကဆက်ပြည်နယ် ရီပတ်ဘလစ်ကန်တစ်ဦးဖြစ်သူ အောက်လွှတ်တော်အမတ် လူဝီဂိုမတ်တွင် ကိုဗစ်-၁၉ စစ်ဆေးစမ်းသပ်မှုတွင် ရောဂါတွေ့ရှိပြီးနောက် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နှာခေါင်းစည်းတပ်ဆင်ရန် မကြာခဏ ငြင်းဆိုလေ့ရှိသည့် ဂိုမတ်သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်အတူ တက္ကဆက်ပြည်နယ် မစ်လန်းမြို့သို့ သွားရောက်ရန်စီစဉ်ထားခြင်းဖြစ်သော်လည်း အိမ်ဖြူတော်၏ ကြိုတင်စစ်ဆေးမှုတွင် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်သည့်အပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖွဲ့ပေးရန် တောင်ကိုရီးယား၏ တောင်းဆိုမှုကို စိတ်ပျက်မိကြောင်း ဂျပန်ပြော

တိုကျို ဇူလိုင် ၃၁

**ဂျပန်က ပို့ကုန်ထိန်းချုပ်မှု တင်းကျပ်ခဲ့သည့်အပေါ် တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပေးရန် ဒုတိယအကြိမ် တောင်းဆိုခဲ့သည့်အပေါ် စိတ်ပျက်ဖွယ်ကောင်းကြောင်း ဂျပန်အစိုးရက ထုတ်ဖော်ပြောကြားလိုက်သည်။**

တောင်ကိုရီးယား၏ တောင်းဆိုမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဇူလိုင် ၃၀ ရက်တွင် အတည်ပြုခဲ့ပြီးနောက် ဂျပန်အစိုးရက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပေးရန် ဒုတိယအကြိမ်တောင်းဆိုမှုသည် အလွန်တရာ စိတ်ပျက်ဖွယ်ကောင်းကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှု တင်းကျပ်သည့်လုပ်ငန်းစဉ်သည် စစ်ရေးရည်ရွယ်ချက်အတွက် ပြောင်းလဲအသုံးပြုနိုင်သည့် ကုန်ပစ္စည်းများအပေါ်တွင်သာ သင့်လျော်စွာ စီမံခန့်ခွဲရေးအတွက် လိုအပ်သော မဟာဗျူဟာကျသည့် ပြန်လည်သုံးသပ်မှုတစ်ခုဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက်တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ ပို့ကုန်ထိန်းချုပ်မှုများကို လုပ်ဆောင်ရန် ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းက ခွင့်ပြုထားသည်ဟု မှတ်ချက်ပြုဖော်ပြထားသည်။

တောင်ကိုရီးယားကိုတင်ပို့သည့် ပို့ကုန်များအပေါ် ထိန်းချုပ်မှုကို ပြန်လည်သုံးသပ်ပြီးနောက် စစ်ရေးအတွက် ပြောင်းလဲအသုံးပြုနိုင်သည့် အန္တရာယ်မရှိသရွေ့ တောင်ကိုရီးယားနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုကို ခွင့်ပြုခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးဌာနကလည်း ယင်းအပေါ် ဇူလိုင် ၃၀ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်ပြီး အဆိုပါကြေညာချက်တွင် ဂျပန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုသည် တစ်ဖက်သတ်ကျပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို ဆန့်ကျင်လုပ်ဆောင်သည့် ကုန်သွယ်ရေးကန့်သတ်တားဆီးမှုဖြစ်ကြောင်း၊ နောင်လာမည့် လုပ်ငန်းအဆင့်များတွင်




တောင်ကိုရီးယားကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီး ဆန်ယွန်မို။

သက်သေပြသွားရန် လုပ်ဆောင်နေကြောင်း တောင်ကိုရီးယားအစိုးရက စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဂျပန်နိုင်ငံက အဆိုပါလုပ်ဆောင်ချက်များကို ချက်ချင်းရုပ်သိမ်းရေး တောင်းဆိုရန် တောင်ကိုရီးယားက စဉ်းစားနေကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# ဗြိတိန်နိုင်ငံ မန်ချက်စတာတစ်ဝိုက်တွင် အသွားအလာပိတ်ဆို့ကန့်သတ်မှု စည်းမျဉ်းအသစ်များ ချမှတ်

မန်ချက်စတာ ဇူလိုင် ၃၁

**ဒေသတွင်းကူးစက်မှုမြင့်တက်လာမည်ကို စိုးရိမ်သည့်အတွက် မန်ချက်စတာဒေသရှိ သန်းပေါင်းများစွာသော မိသားစုများနှင့် အင်္ဂလန်မြောက်ပိုင်း ဒေသများမှ လူများကို ဇူလိုင် ၃၁ ရက်တွင် အသွားအလာပိတ်ဆို့ကန့်သတ်မှု စည်းမျဉ်းအသစ်များ ချမှတ်ခဲ့ကြောင်း သိရသည်။**




မန်ချက်စတာမြို့တွင် သွားလာလှုပ်ရှားနေသူများကို တွေ့ရစဉ်။

အသစ်ချမှတ်ထားသည့် စည်းမျဉ်းများအရ ကူးစက်မှုမြင့်မားသည့်ဒေသမှ လူများအား သွားလာကန့်သတ်ထားသည့်အခန်းများတွင် တွေ့ဆုံခြင်းကို ခွင့်မပြုပေ။

မန်ချက်စတာ၊ လန်ကက်ရှိုင်းယားနှင့် ရော့ရှိုင်းယားမှ လေးသန်းနီးပါးသော ပြည်သူများအပေါ် ယင်းစည်းကမ်းသတ်မှတ်ချက် သက်ရောက်မှုရှိမည်ဖြစ်သည်။

လူများသည် တွေ့ဆုံပွဲများပြုလုပ်ပြီး လူအချင်းချင်း ခပ်ခွာခွာနေသည့် စည်းကမ်းများကို လိုက်နာမှုမရှိသည့်အတွက် ယခုကဲ့သို့ စည်းမျဉ်းအသစ်များ ချမှတ်ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက မက်ဟန်ကော့က ပြောသည်။

ဥရောပတွင် ကိုဗစ် -၁၉ ကူးစက်မှု မြင့်တက်နေသည်ကို တွေ့မြင်နေရပြီး ပြည်သူများ အသက်လုံခြုံရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဥရောပတစ်လွှားတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်လာနိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးပြီးနောက် ယခုလို ကန့်သတ်မှုအသစ်များ ထွက်ပေါ်လာခြင်း ဖြစ်သည်။

မန်ချက်စတာမြို့တော်ဝန် အန်ဒီဘန်ဟန်ကလည်း အဆိုပါ လုပ်ဆောင်မှုကို ထောက်ခံခဲ့သည်။

**အေအက်ဖ်ပီ**

# သမ္မတရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် ထရမ့် အကြံပြုပြောကြား

ဝါရှင်တန် ဇူလိုင် ၃၁

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် နိုဝင်ဘာလအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် ဇူလိုင် ၃၀ ရက်က အဆိုပြုခဲ့သည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

ထိုသို့ ပြုလုပ်ရန် သမ္မတထရမ့်တွင် အာဏာမရှိသော်လည်း ရီပတ်ဘလစ်ကန်အမတ်များသည် ကိုဗစ်-၁၉ ကာလအတွင်း ဒီမိုကရက်တစ်ပြိုင်ဘက်ဖြစ်သူ ဂျိုးဘိုင်ဒင်နှင့် ရင်ဆိုင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

စာတိုက်မှတစ်ဆင့် မဲပေးခြင်းသည် မဲလိမ်လည်မှုများကို ဦးတည်သွားစေနိုင်ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် သမိုင်းတွင် မသမာမှု အများဆုံးနှင့် မရေရာသည့် မဲပေးပွဲ ဖြစ်လာနိုင်သည်ဟု ထရမ့်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ ထို့ပြင် အမေရိကန်သမိုင်းတွင် ရှက်စရာအကောင်းဆုံး မဲပေးပွဲ ဖြစ်လာနိုင်သည်၊ ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်သည်အထိ ရွေးကောက်ပွဲကို ရက်ရွှေ့မလားဟုလည်း ထရမ့်က ရေးသားခဲ့သည်။

စာတိုက်မှ မဲပေးခြင်းကို သမ္မတထရမ့်က ဆန့်ကျင်ပြီး အများပြည်သူများ၏ ကျန်းမာရေးကို စိုးရိမ်သည့်အတွက် စာတိုက်မှ မဲပေးခြင်းကို ပြည်နယ်အများစုက စိတ်ပါဝင်စားလျက်ရှိသည်။

သမ္မတထရမ့်၏ ရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် အကြံပြုချက်မှာ ရီပက်ဗလစ်ကန်နှင့် ဒီမိုကရက်တစ် အဖွဲ့ဝင်များ၏ ကန့်ကွက်မှုကြောင့် လျင်မြန်စွာပင် ပျက်ပြယ်သွားခဲ့သည်။

တိုင်းပြည်အတွင်း ပြည်တွင်းစစ်ကာလ၊ စစ်ဖြစ်ပွားမှုနှင့် စီးပွားရေးကပ်များနှင့် ကြုံတွေ့စဉ်ကပင် ရွေးကောက်ပွဲကို အချိန်မီ ကျင်းပနိုင်ခဲ့သည်ဟု ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်ဖြစ်သူ မစ်ချ်မက်ကော်နယ်က ရုပ်သံအင်တာဗျူးတွင် ပြောကြားခဲ့သည်။

မည်သည့် အခြေအနေကိုမဆို ရင်ဆိုင်ဖြေရှင်းသွားမည် ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကို ကျင်းပသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ တစ်ဦးတွင် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်ရန် အာဏာမရှိဘဲ ယင်းကဲ့သို့ ဆုံးဖြတ်ချက်မှာ လွှတ်တော်နှင့်သာ သက်ဆိုင်သည်။

**ကျိုဒိုနယူးစ်**

# ကုန်တင်ကားထုတ်လုပ်သည့် Scania ကုမ္ပဏီက အလုပ်နေရာပေါင်း ၅၀၀၀ လျှော့ချသွားမည်

**စတော့ဟုမ်း ဇူလိုင် ၃၁**

ဖောက်စ်ဝက်ဂွန်အုပ်စု၏ အစိတ်အပိုင်းဖြစ်သော Scania သည် ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် စီးပွားရေးထိခိုက်မှုဖြစ်ပေါ်သဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ အလုပ်နေရာပေါင်း ၅၀၀၀ ကို လျှော့ချသွားမည်ဟု ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအစီအစဉ်ကို ဇွန်လကတည်းက အတည်ပြုခဲ့ပြီးလည်း ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်ကာလအတွင်း မော်တော်ယာဉ်တင်ပို့ပေးမှုတွင် ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး Scania ၏ လုပ်သားအင်အား ၁၀ရာခိုင်နှုန်းကို လျှော့ချရန် ဆုံးဖြတ်ချက်ချခဲ့သည်ဟု ကုမ္ပဏီက ပြောသည်။

ဆွီဒင်နိုင်ငံတွင် ရုံးထိုင်သည့် Scania ကုမ္ပဏီသည် နယ်သာလန်၊ ပြင်သစ်၊ ဘရာဇီးနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ထုတ်လုပ်ရေးစက်ရုံများရှိသည်။ အခြားသော အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီများကဲ့သို့ပင် Scania သည်လည်း ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုကို ခံစားရသည်။

ရှေ့ကို မျှော်ကြည့်မည်ဆိုလျှင် ဝယ်လိုအား အခြေအနေမှာ သေချာမှုမရှိကြောင်း ယခင်ဝယ်လိုအားကို ပြန်လည်ရောက်ရှိရန် အချိန်ယူရဦးမည်ဟု အမှုဆောင်အရာရှိချုပ် ဟင်းနရစ်ဟင်းနရစ်ဆင်က ပြောကြားသည်။ ထို့ကြောင့် အဖွဲ့အစည်းအတွင်း အလုပ်သမား လျှော့ချခြင်းဆိုသည့် အခက်အခဲနှင့် ရင်ဆိုင်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဥရောပတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြင်းထန်နေသည့်ကာလတွင် ကုမ္ပဏီအနေဖြင့် ကားအစိတ်အပိုင်းများ ပြတ်တောက်မှုနှင့် ထောက်ပံ့ရေး ပစ္စည်းပေးပို့မှုလမ်းကြောင်း ပြတ်တောက်မှုတို့ကြောင့် ထုတ်လုပ်မှုအပိုင်းကို လုံးဝရပ်နားထားရသည်။ **အေအက်ဖ်ပီ**



## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ကားဗုံးပေါက်ကွဲ အရပ်သားရှစ်ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရ

ကဘူးလ် ဇူလိုင် ၃၁

အာဖဂန်နစ္စတန် အရှေ့ပိုင်း လိုဂါပြည်နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား ရှစ်ဦးထက်မနည်း သေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဇူလိုင် ၃၀ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် လိုဂါပြည်နယ်မြို့တော် ပေါအီအလမ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည်။ ကနဦးသတင်းများအရ အရပ်သား ရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ တာရစ်အေရီယန်က ပြောသည်။ ထိခိုက်ခံစားရသူများထဲတွင် ကလေးအချို့လည်း ပါဝင်သည်ဟု သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့လည်း ထိခိုက်သူများထဲတွင် ပါဝင်သည်။ တာလီဘန်နှင့် အာဖဂန်အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး မတိုင်မီ ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ဘာသာရေးပွဲတော်ကာလအတွင်း တာလီဘန်နှင့် အာဖဂန်အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရန် သဘောတူထားကြသည်။

အာဖဂန်ပြည်သူများသည် လက်နက်ကိုင်ပဋိပက္ခများ၏ တိုက်ပွဲများကို ဆက်လက်ခံစားနေရသည်။ ၂၀၂၀ ပြည့်နှစ် ပထမခြောက်လတာကာလအတွင်း ပဋိပက္ခများကြောင့် အရပ်သား ၁၂၈၀ သေဆုံးခဲ့ပြီး ၂၁၇၀ ဒဏ်ရာရရှိခဲ့သည်ဟု အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့က ပြောသည်။

တာလီဘန်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၅၈ ရာခိုင်နှုန်း သေကျေပျက်စီးခဲ့ပြီး အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ၂၃ ရာခိုင်နှုန်း သေဆုံးခဲ့သည်။ အခြားသောအကြောင်းများကြောင့် သေဆုံးသူ ၁၉ ရာခိုင်နှုန်းရှိသည်ဟု အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းတာဝန်အဖွဲ့က ပြောသည်။

**ဆင်ဟွာ**

## ကိုဗစ်- ၁၉ ကူးစက်မှုကြောင့် ယူရိုဇုန်တွင် ဂျီဒီပီများ ကျဆင်း

ဘရပ်ဆဲလ် ဇူလိုင် ၃၁

ကိုဗစ် -၁၉ ကြောင့် ယူရိုဇုန်၏ စီးပွားရေးကို ဆိုးဆိုးရွားရွားထိခိုက်လျက်ရှိသည်။ ဧပြီလမှ ဇွန်လအတွင်း ကာလသည် ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် အဆိုးဆုံးစီးပွားရေး ကျဆင်းသွားခြင်းလည်း ဖြစ်သည်။

ယူရိုဇုန် ၁၉ နိုင်ငံမှ ဂျီဒီပီများသည် လွန်ခဲ့သည့် သုံးလတာကာလအတွင်း ၁၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဥရောပသမဂ္ဂ စာရင်းအချက်အလက်ရုံးမှ ပြောသည်။ အဆိုပါ အချက်အလက်များအရ တစ်နှစ်ပျမ်းမျှနှုန်းမှာ အနုတ် ၄၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ပြသနေသည်။

ယူရိုဇုန်တွင် လက်လီရောင်းချသူများ၊ မော်တော်ကားထုတ်လုပ်ရေးများ၊ ခရီးသွားလုပ်ငန်းနှင့် အခြားသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းအချို့ကို ပြန်လည်လည်ပတ်နေကြပြီဖြစ်သည်။

ထို့ကြောင့် ဒေသတွင်းစီးပွားရေး ရိုက်ခတ်မှု အဆိုးဆုံးအခြေအနေမှာ ကျော်လွန်သွားပြီဟု အမြင်များမြင့်တက်လျက်ရှိသည်။

သို့သော်လည်း ရောဂါကူးစက်မှု တစ်ဖန်ပြန်လည်ဖြစ်လာမည်ကိုမူ စိုးရိမ်နေရဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ ကြောင့် ဇန်နဝါရီလမှ မေလအတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း ထိခိုက်နစ်နာမှု ၃၂၀ ဘီလီယံအထိရှိ

ချူးစန္ဒီမွေး

ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ရတဲ့ စီးပွားရေးလုပ်ငန်းတွေထဲမှာ ခရီးသွားလာမှုလုပ်ငန်းတွေလည်း အပါအဝင်ပါပဲ။ ကိုဗစ် – ၁၉ ကာလအတွင်းမှာ ကမ္ဘာအနှံ့ခရီးသွားသန်း ၃၀၀၊ ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၅၆ ရာခိုင်နှုန်းကျဆင်းခဲ့ရပါတယ်။

### ၉၈ ရာခိုင်နှုန်းအထိကျဆင်း

၂၀၂၀ ပြည့်နှစ်အတွက် အပြည်ပြည်ဆိုင်ရာခရီးသွား လည်ပတ်မှုနှုန်းဟာ ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ပါတယ်။ ကိုဗစ် –၁၉ ကပ်ရောဂါထိန်းချုပ်ရေးအတွက် အပြည့်အဝနီးပါး အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေကြောင့် မေလအတွင်းမှာ ခရီးသွားလာမှုလုပ်ငန်းဟာ ၂၀၁၉ ခုနှစ်ကနဲ့ နှိုင်းယှဉ်တဲ့အခါ ၉၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားတယ်လို့ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလာရေး လုပ်ငန်းအဖွဲ့အစည်းရဲ့ဘာရိုမီတာက ပြသနေပါတယ်။

### သုံးဆပိုများ

ဇန်နဝါရီလကနေ မေလအတွင်း ခရီးသွား လည်ပတ်မှုနှုန်းဟာ ၅၆ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ ဘာရိုမီတာက ဖော်ပြနေပါတယ်။ ဒီအခြေအနေဟာဘာကိုဖော်ပြနေသလဲဆိုရင် ၂၀၂၀ ပြည့်နှစ် ပထမငါးလတာအတွင်းမှာပဲ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၀ ဘီလီယံအထိ နစ်နာခဲ့ပြီး ခရီးသွားလုပ်ငန်းမှာ ဇန်နဝါရီလကနေ မေလအတွင်း ဆုံးရှုံးနစ်နာခဲ့တဲ့ ဝင်ငွေတွေဟာ ၂၀၀၉ ခုနှစ်က တစ်ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်းဖြစ်တုန်းကထက် သုံးဆပိုပြီး ဆုံးရှုံးနစ်နာမှုတွေပိုများနေတယ်ဆိုတာကို ထင်ဟပ်နေပါတယ်။

### လူမှုနေထိုင်ရေးကို ရိုက်ခတ်

အခုနောက်ဆုံး ဖော်ပြနေတဲ့အချက်အလက်တွေအရ ခရီးသွားပြည်သူတွေအတွက် လုံခြုံစိတ်ချရမှုရှိနေပြီဆိုရင် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ဖို့လိုအပ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နေရတယ်လို့ UNWTO က အတွင်းရေးမှူးချုပ် ဇူရပ်ပိုလစ်ခစ်ရှဗီလီက ပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုလုပ်ငန်း ထင်မှတ်မထားလောက်တဲ့အထိ ကျဆင်းသွားခြင်းဟာ လူသန်းပေါင်းများစွာရဲ့ လူမှုဘဝ နေထိုင်ရပ်တည်ရေးကို လှုပ်ခတ်လာစေတယ်၊ အထူးသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဆိုရင်ပိုပြီးတော့သိသာတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

### လုပ်ဆောင်စရာတာဝန်နှစ်ရပ်ရှိ

"အခုဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုဗစ် –၁၉ ကပ်ရောဂါကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်နေကြရပါတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းက အစိုးရအသီးသီးဟာလည်း ကိုဗစ် – ၁၉နဲ့ပတ်သက်ရင် အဓိကလုပ်ဆောင်စရာတာဝန်နှစ်ရပ် ရှိနေပါတယ်။ ပထမတစ်ခုကတော့ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အထူးဦးစားပေး ကာကွယ်သွားရမှာဖြစ်ပြီး နောက်တစ်ခုကတော့ အလုပ်နေရာတွေ မဆုံးရှုံးဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြိုလဲမသွားရအောင် ကာကွယ်ပေးဖို့ပါပဲ။ ကိုဗစ် – ၁၉ ကို တုံ့ပြန်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်မှု ခိုင်ခိုင်မာမာရှိဖို့လိုပြီး တစ်ဖက်သတ်ဆန်တဲ့ ဆုံးဖြတ်ချက်မျိုးတွေ မချမိဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်သတ်ဆန်တဲ့ ဆုံးဖြတ်ချက်တွေကြောင့် ကိုဗစ်–၁၉ ကို ရင်ဆိုင်ရာမှာ ယုံကြည်ချက်တွေ လျော့ပါးသွားစေနိုင်တယ်" လို့ UNWTO က အတွင်းရေးမှူးချုပ် ဇူရပ်ပိုလစ်ခစ်ရှဗီလီက ပြောကြားခဲ့ပါတယ်။



ဆွစ်ဇာလန်နှင့် အီတလီနယ်စပ်တွင် ဓာတ်ပုံရိုက်နေကြသည့် ခရီးသွား နှစ်ဦးကို ဇွန် ၂ ရက်က တွေ့ရစဉ်။

> "ကိုဗစ် –၁၉ ကပ်ရောဂါထိန်းချုပ်ရေးအတွက် အပြည့်အဝနီးပါး အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေကြောင့် မေလအတွင်းမှာ ခရီးသွားလာမှုလုပ်ငန်းဟာ ၂၀၁၉ ခုနှစ်ကနဲ့ နှိုင်းယှဉ်တဲ့အခါ ၉၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားတယ်လို့ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွား လာရေး လုပ်ငန်းအဖွဲ့အစည်းရဲ့ဘာရိုမီတာက ပြသနေ"

### ခန့်မှန်းထားကြ

တစ်ချိန်တည်းမှာပဲ တဖြည်းဖြည်းချင်း သတိကြီးစွာပြောင်းလဲလာမှုတွေကို UNWTO က သတိထားမိခဲ့ပါတယ်။ ဇူလိုင် ၁ ရက်ကစပြီး ဥရောပသမဂ္ဂ Schengen ဒေသမှာ နယ်စပ်တွေ ပြန်ဖွင့်ပေးပြီး ကမ္ဘာ့မြောက်ဘက်ခြမ်းမှာ ပြောင်းလဲလာမှုတွေကိုလည်း သတိထားမိခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းဟာ နှေးကွေးစွာပဲ ပြန်လည်အစပြုနေတဲ့အချိန်မှာ UNWTO ရဲ့ညွှန်းကိန်းတွေဟာလည်းကျဆင်းနေပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကနေ ဧပြီလအထိ တွက်ချက်မှုနဲ့ မေလကနေ ဩဂုတ်လအထိ ခန့်မှန်းမှုတွေမှာ လျော့ကျနေတာကိုတွေ့ရပါတယ်။ ခရီးသွားလာမှုဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ အပြည်ပြည်ဆိုင်ရာခရီးသွားလာမှုလုပ်ငန်းဟာ ၂၀၂၁ ခုနှစ် ဒုတိယ နှစ်ဝက်ကာလမှပြန်ပြီး နာလန်ထူလာလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

### အကျဘက်ကို ဦးတည်စေမည့် အရာများ

တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှု ကျွမ်းကျင်သူတွေကတော့ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး အကျဘက်ကို ဦးတည်စေမယ့်အရာတွေကို ထောက်ပြကြပါတယ်။ အချို့သောနေရာတွေမှာ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်တွေထားရှိမှု၊ နယ်စပ်တွေ ဆက်လက်ပိတ်ထားမှု၊ ခရီးသွားလာမှုနဲ့ ပတ်သက်ပြီး လုံခြုံစိတ်ချရမှုဆိုင်ရာ စိုးရိမ်မှုများရှိနေမှု၊ ဗိုင်းရပ်စ် ပြန်လည်ခေါင်းထောင်လာမှု၊ နောက်ထပ်အသစ်ထုတ်ဖွယ်ရှိတဲ့ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေ၊ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်တွေကြောင့် ခရီးသွားလုပ်ငန်းအပေါ် ရိုက်ခတ်မှုတွေ ရှိဦးမယ်လို့ ထောက်ပြကြပါတယ်။ ယုံကြည်လောက်တဲ့ သတင်းအချက်အလက်ဆိုင်ရာများ ကင်းမဲ့မှု၊ စီးပွားရေးလုပ်ငန်းတွေပြိုလဲမှုကြောင့်လည်း ခရီးသွားတွေရဲ့ယုံကြည်မှုကို လျော့နည်းစေပါတယ်။

### တွန့်ဆုတ်နေကြ

၂၀၁၉ ခုနှစ်တုန်းကတော့ ခရီးသွားလုပ်ငန်းဟာ ကောင်းမွန်နေခဲ့ပြီး အပြည်ပြည်ဆိုင်ရာခရီးသွားလည်ပတ်မှုဟာ ၄ ရာခိုင်နှုန်းတိုးခဲ့ပြီး ၁ ဒသမ ၅ ဘီလီယံအထိရှိခဲ့ပါတယ်။ ပြင်သစ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ခရီးအသွားအလာအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး သူ့နောက်မှာတော့ စပိန်နဲ့ အမေရိကန်တို့က အသီးသီးရပ်တည်လျက်ရှိကြပါတယ်။ ယခုနှစ် နွေရာသီအားလပ်ရက်ကာလအတွက် တော့ ဥရောပနိုင်ငံတွေဟာ ကိုဗစ် –၁၉ ကြောင့် ခရီးသွား လုပ်ငန်းအတွက် တွန့်ဆုတ်နေကြပါတယ်လို့ ယူရိုနယူးစ်ရဲ့ စစ်တမ်းကောက်ယူမှုတွေအရ သိရပါတယ်။

### စစ်တမ်းကောက်ယူ

စစ်တမ်းကောက်ယူမှု ပြုလုပ်ရာမှာ ပြင်သစ်၊ ဂျာမနီ၊ စပိန်နဲ့ အီတလီနိုင်ငံတို့က လူအများစုဟာ ယခုနှစ် နွေရာသီ အားလပ်ရက်ကာလမှာ ဘယ်ကိုမှသွားဖို့ အစီအစဉ်မရှိဘူးလို့ ဖြေကြားကြပါတယ်။ ပြင်သစ်၊ ဂျာမနီ၊ စပိန်နဲ့ အီတလီနိုင်ငံတို့က လူပေါင်း ၁၅၀၀ စီနဲ့ စုစုပေါင်း ၆၀၀၀ ကို ဇူလိုင် ၁၇ ရက်နဲ့ ၁၈ ရက်တို့မှာ စစ်တမ်းကောက်ယူခဲ့တာဖြစ်ပါတယ်။ ကိုဗစ် –၁၉ ကပ်ရောဂါဟာ ဥရောပရဲ့ လူနေမှုဘဝတွေကို အများကြီး ထိခိုက်စေပါတယ်။

### ဆွဲဆောင်စရာ နေရာအဖြစ်ရှိနေဆဲ

သို့သော်လည်း ဥရောပဟာ ခရီးသွားတွေအတွက် ဆွဲဆောင်စရာ နေရာအဖြစ် ဆက်လက်တည်ရှိနေဆဲပါပဲ။ အထက်မှာဖော်ပြခဲ့တဲ့ စစ်တမ်းကောက်ယူမှုမှာတစ်နိုင်ငံမှာ ၁၀ ဦးစီလောက်ကသာ ဥရောပမဟုတ်တဲ့ အခြားဒေသက နိုင်ငံတွေဆီ သွားချင်တယ်လို့ ဖော်ပြခဲ့ကြပါတယ်။ ဖြေကြားသူ ၅၃ ရာခိုင်နှုန်းကတော့ ဥရောပတောင်ပိုင်းဟာ ခရီးသွားလာမှုအတွက် လုံခြုံစိတ်ချရမှု မရှိသေးဘူးလို့ ယူဆကြောင်း ဖြေကြားခဲ့ကြပါတယ်။ အီတလီနဲ့စပိန်တို့ကတော့ အားလပ်ရက်ခရီးသွားတွေအတွက် အဓိကဆွဲဆောင်ရာနေရာဖြစ်နေတုန်းပါပဲ။

### နယ်စပ်တံခါးပြန်ဖွင့်ပေး

ဇူလိုင် ၁ ရက်မှာတော့ ဂရိနိုင်ငံဟာ တချို့သော ခရီးသွားတွေအတွက် နယ်စပ်တံခါးကို ပြန်ဖွင့်ပေးခဲ့ပါတယ်။ စဖွင့်ဖွင့်ပေးချင်းမှာတော့ ဗြိတိန်နဲ့ ဆွစ်ဇာလန်တို့က နိုင်ငံသားတွေကို လာရောက်ခွင့် မပေးခဲ့သေးပါဘူး။ ခရီးသွားလုပ်ငန်းကနေ အဓိကဝင်ငွေတွေ ရရှိနေကြတဲ့ ဂရိနဲ့ အီတလီနိုင်ငံတို့အတွက်တော့ ခရီးသွားလုပ်ငန်း ပြန်စဖို့ဟာ အရေးပါတဲ့နေရာကနေ ပါဝင်ခဲ့ပါတယ်။ အရင်နှစ်တွေနဲ့ မတူတာကတော့ ဒီနှစ်မှာ ခရီးသွားလုပ်ငန်းတွေမှာ ပြည်ပဧည့်သည်ထက် ပြည်တွင်းခရီးသွားကိုပဲ ပိုမျှော်လင့်ရမယ်လို့ ယူဆရပါတယ် ။

**ကိုးကား – အေအက်ဖ်ပီ၊ UNWTO၊ ယူရိုနယူးစ်**

## နိုင်ငံတကာသတင်းတိုထွာ

### သုံးပတ်အတွင်းဗိုင်းရပ်စ်ကြောင့် ပြင်းထန်စွာနေမကောင်းသည့်လူနာများ သုံးဆရှိလာ

တိုကျို ဇူလိုင် ၃၁

ဂျပန်နိုင်ငံတွင် ဇူလိုင် ၃၀ ရက်က ကိုဗစ် – ၁၉ ကြောင့် ပြင်းထန်စွာ နေမကောင်းသည့်လူနာ ၉၀ အထိရှိလာခဲ့သည်။ စာရင်းအချက်အလက်များအရ လွန်ခဲ့သည့် သုံးပတ်နှင့်နှိုင်းယှဉ်လျှင် သုံးဆမြင့်တက်လာခြင်းပင်ဖြစ်သည်။

တိုကျိုတွင် အပြင်းအထန်ဖျားနာသူ၂၂ ဦးရှိနေပြီး အိုဆာကာတွင် ၁၆ ဦးနှင့် ကာနာဂါဝါတွင် ၁၀ ဦး ရှိသည်။ မေလအစောပိုင်းကလည်း အထူးကြပ်မတ်ကုသဆောင်နှင့် အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ရသည်အထိ နေမကောင်းသူ ၃၃၂ ဦး ရှိခဲ့သည်။ အဆိုပါလူနာများထဲတွင် Diamond Princess သင်္ဘောပေါ်မှ လူနာများလည်း ပါဝင်သည်။ ဇူလိုင် ၁၀ ရက်က အရေအတွက်မှာ ၃၂ ဦးအထိ လျော့ကျခဲ့သည်။

ကူးစက်ခံရသူအများစုမှာလူငယ်များဖြစ်ပြီး ပြင်းထန်သည့် ရောဂါလက္ခဏာများမဖြစ်အောင် ဆေးဝါးများဖြင့် ကာကွယ်ထားနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန အကြံပေးအဖွဲ့ခေါင်းဆောင် ဝါကီတာတာကာဂျီက ပြောသည်။ သို့သော်လည်း ရောဂါလက္ခဏာပြင်းထန်သည့် လူနာများများလာနိုင်သေးကြောင်း ၎င်းကသတိပေးခဲ့သည်။

အင်န်အိတ်ချ်ကေ

### ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၅ ဦး ထပ်မံတွေ့ရှိ

ဟန်ွိုင်း ဇူလိုင် ၃၁

ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၃၁ ရက်တွင် ကိုဗစ် –၁၉ ထပ်မံကူးစက်ခံရသူ ၄၅ ဦး တွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၅၀၉ ဦးအထိရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နောက်ဆုံးတွေ့ရှိရသည့် ကူးစက်မှုများမှာ ဒါနန်းမြို့မှ ဆက်စပ်မှုရှိသူများဖြစ်ပြီး အသက် ၂၇ နှစ်နှင့် ၈၇ နှစ်ကြား အရွယ်များဖြစ်ကြသည်။

ဒါနန်းမြို့သည် ယခုအခါ ကူးစက်မှုပြန့်ပွားရာနေရာအဖြစ် သတ်မှတ်ခံရပြီး အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက်တွင် ရောက်နေသည်။ ၎င်းတို့ထဲမှ ၃၉ ဦးမှာ ဒါနန်းမြို့ ဒေသခံဆေးရုံသုံးရုံတွင် တက်ရောက်ကာ ကုသမှုခံယူနေကြသည်။ ဒါနန်းမြို့တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက ကိုဗစ် –၁၉ နှိမ်နင်းရေးအထူးအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ရှိ ဆေးတက္ကသိုလ်များနှင့် ဒေသခံဆေးရုံများမှ ဆရာဝန်များ၊ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနများမှ ခေါင်းဆောင်များကို စုဝေးခဲ့ကြသည်။

နိုင်ငံတစ်ဝန်း ပြန်လည်ကျန်းမာလာသူ ၃၆၉ ဦးရှိပြီး လူပေါင်း ၅၃၈၀၀ သည် အသွားအလာကန့်သတ်စောင့်ကြည့်မှုအောက်တွင် နေထိုင်နေရသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင် စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၁၀၀**

**သာ လိုတော့သည်။**

## နမ့်စန်တွင် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကြေညာထားရှိမှုအပေါ် ပြည်သူများ ရှင်းလင်းတိကျစွာသိရှိနိုင်ရေး အသိပညာပေး

**နမ့်စန် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းများ ပထမအကြိမ် ကြေညာထားရှိမှုအပေါ် ပြည်သူများ ရှင်းလင်းတိကျစွာ သိရှိနိုင်ရေးအတွက် အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံသောင်း၊ အတွင်းရေးမှူး ဒေါ်မျိုးမျိုးအောင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများက အမှတ်(၃)ရပ်ကွက်ရှိ စည်ပင်သာယာမြို့မဈေးကြီးနှင့် အမှတ်(၂) ရပ်ကွက်ရှိ ယာယီပျံကျဈေးများသို့ သွားရောက်၍ ဈေးရောင်းဈေးဝယ်နေသူများ၊ ဆိုင်ကယ်ကယ်ရီသမားများနှင့် ဖြတ်သန်းသွားလာနေသော ပြည်သူများကို အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးပိုစတာများကို အများပြည်သူမြင်နိုင်သည့် နေရာများတွင် လိုက်လံကပ်ပေးခဲ့ကြောင်း သိရသည်။



အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲ ပေးနိုင်ရေးအတွက် တိုက်တွန်းချက်များ၊ မကြာခဏ မေးလေ့မေးထရှိသော မဲဆန္ဒရှင် စာရင်းဆိုင်ရာမေးခွန်းနှင့် အဖြေများ၊ မဲဆန္ဒရှင် စာရင်းတွင် သင့်အမည် ပါဝင်ပါသလား၊ မပါဝင်ပါက ပုံစံ(၃)ကိုဖြည့်စွက်၍ လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းပါ ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် လည်းကောင်း၊ မပါဝင်သင့်သူ ပါဝင်နေပါက ပုံစံ(၄) ဖြင့် လည်းကောင်း မဲဆန္ဒရှင်စာရင်းကြေညာပြီး ၁၄ ရက်အတွင်း လိုအပ်သည့်ပုံစံများ ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ သွားရောက်လျှောက်ထား ရမည့်အချက်များ စသည်တို့ပါဝင်ပြီး အဆိုပါ အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များကို ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ဇန်းမော်မြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

**ဇန်းမော် ဇူလိုင် ၃၁**

ဇန်းမော်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေများကို ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြုစုထားရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်းအား ၂၅-၇-၂၀၂၀ ရက်မှ ၇-၈-၂၀၂၀ ရက်အထိ ၁၄ ရက်တိတိ ပထမအကြိမ် မဲစာရင်းကြေညာသည့် ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများအား တစ်ရုံး လျှင် ငွေကျပ် ၂၁၀၀၀၀ နှုန်းဖြင့် ၅၈ ရုံး အတွက် ငွေကျပ် ၁၂၁၈၀၀၀၀၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အလှည့်ကျ တာဝန်ထမ်းဆောင်နေသည့် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ပေါင်း ၄၈၀ အတွက် ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်များဆောင်ရွက်ရန် တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငါးရက်စာ စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀၀၀ ကို တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ ကော်မရှင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများထံ ပေးအပ် ချီးမြှင့်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ ဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါ ရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ ဆောင်ရွက်ရန်၊
- ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြား မဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်း ဆောင်ရွက်ရန်၊
- အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့ နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊
- အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

*◆ကျောဖုံးမှ*

ရှိနေပါက ကော်မရှင်တာဝန်ရှိသူများထံ သတ်မှတ်ပုံစံများဖြင့် စနစ်တကျ တောင်းဆိုလျှောက်ထားရမည်ဖြစ်သည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများ နေထိုင်သည့် သီဒ္ဓိ(၉)ရပ်ကွက်အပါအဝင် သပြေကုန်းရပ်ကွက်၊ ရွှေကြာပင်ရပ်ကွက်နှင့် အောင်ဇမ္ဗူရပ်ကွက်တို့အပြင် အလျင်လို ကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာအုပ်စုတို့ရှိပြီး မဲရုံပေါင်း ၄၄ ရုံ၊ လက်ရှိပြုစုပြီး မဲဆန္ဒရှင်စာရင်းအရ အမျိုးသား ၃၃၄၆၄ ဦး၊ အမျိုးသမီး ၄၆၂၇၃ ဦး စုစုပေါင်း ၇၉၇၃၇ ဦးတို့ ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထံမှ သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

**ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။**
**ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။**
**ဒီမိုကရေစီ ဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။**

**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# နိုင်ငံတော်နဲ့ ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန်အရေးကြီး



နိုင်ငံတော်နဲ့ ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတော်လို့ဆိုရာမှာ အစိုးရက ဦးဆောင်ရတဲ့၊ နိုင်ငံကိုလည်ပတ်စေတဲ့ သက်ရှိ၊ သက်မဲ့ယန္တရားကြီးတစ်ခုလုံးကို ထည့်သွင်း အဓိပ္ပာယ်ဖော်ပါတယ်။ အားကိုးလောက်တဲ့ နိုင်ငံတော်ပေါ်ထွန်းဖို့၊ အားကိုးလောက်တဲ့ ပြည်သူတွေ ရှိဖို့လိုပါတယ်။

Covid ရောဂါ တစ်ကမ္ဘာလုံး ပျံ့နှံ့နေချိန်မှာ နိုင်ငံအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ဒီပြဿနာကို ကိုင်တွယ်ကြပါတယ်။ ကျွန်မတို့က ပြည်သူသာအဓိကဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာရပ်တည်ပြီး၊ ပြည်သူကို တန်ဖိုးထားသလို၊ ပြည်သူ့အားကိုယူကာ၊ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦးစိတ်ဓာတ်ကို တည်ဆောက်လျက်၊ ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်ချက်တစ်ရပ်ကတော့ ပြည်ပရောက်နေတဲ့ ပြည်သူတွေ ပြန်လာနိုင်ရေးဖြစ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောဂါပြန့်ပွားမှုနှုန်း မြင့်မားနေတာကြောင့်၊ ပြန်လာသူများထံမှ ရောဂါမပြန့်ပွားစေဖို့အတွက်လည်း အထူးဂရုစိုက်ပြီး ပြင်ဆင်ထားရပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)**

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၃၀-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီး ခဲ့သော ဓာတ်ခွဲနမူနာ (၉၂) ခုတွင်–
- • COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိခဲ့ပါ။

၂။ သို့ဖြစ်ရာ (၃၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၅၃) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၃၀-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှဓာတ်ခွဲနမူနာ (၃၅၇) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၁၂၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၃) ခု၊
- • စုစုပေါင်း (၈၄၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ်မ တွေ့ရှိခဲ့ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၃၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၇) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၈) ခု၊
- စုစုပေါင်း (၅၆၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၃၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case– 340) ရှိသဖြင့် စုစုပေါင်း (၂၉၆) ဦးရှိပါသည်။ ၎င်းတို့ အနက် (၂၈၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၀-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၁-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၅) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၆) ခု |
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၃၁-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၉၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၇၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၈ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၁-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၃၁-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၄၉၃၀၁ | ၂၂၈၆၄၉၂ | ၁၅၅၆၄၂ |
| ၂။ | ဘရာဇီး | ၂၆၁၃၇၈၉ | ၁၈၂၄၀၉၅ | ၉၁၃၇၇ |
| ၃။ | အိန္ဒိယ | ၁၆၇၇၈၅၃ | ၁၀၈၁၇၃၀ | ၃၆၁၈၅ |
| ၄။ | ရုရှား | ၈၃၉၉၈၁ | ၆၃၈၄၁၀ | ၁၃၉၆၃ |
| ၅။ | တောင်အာဖရိက | ၄၈၂၁၆၉ | ၃၀၉၆၀၁ | ၇၈၁၂ |
| ၆။ | မက္ကဆီကို | ၄၁၆၁၇၉ | ၂၇၂၁၈၇ | ၄၆၀၀၀ |
| ၇။ | ပီရူး | ၄၀၇၄၉၂ | ၂၈၃၉၁၅ | ၁၉၀၂၁ |
| ၈။ | ချီလီ | ၃၅၃၅၃၆ | ၃၂၆၆၂၈ | ၉၃၇၇ |
| ၉။ | စပိန် | ၃၃၅၆၀၂ | စိစစ်ဆဲ | ၂၈၄၄၅ |
| ၁၀။ | အီရန် | ၃၀၄၂၀၄ | ၂၆၃၅၁၉ | ၁၆၇၆၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၁- ၇ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၈၃၇၆ | ၆၅၉၀၇ | ၅၁၃၁ |
| ဖိလစ်ပိုင် | ၉၃၃၅၄ | ၆၅၁၇၈ | ၂၀၂၃ |
| စင်ကာပူ | ၅၂၂၀၅ | ၄၆၄၉၁ | ၂၇ |
| မလေးရှား | ၈၉၇၆ | ၈၆၄၄ | ၁၂၅ |
| ထိုင်း | ၃၃၁၀ | ၃၁၂၅ | ၅၈ |
| ဗီယက်နမ် | ၅၄၆ | ၃၇၃ | ၁ |
| မြန်မာ | ၃၅၃ | ၂၉၆ | ၆ |
| ကမ္ဘောဒီးယား | ၂၃၄ | ၁၆၄ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ လွိုင်ကော်မြို့နယ်အတွင်းရှိ တောင်သူများအား ငါးသားပေါက်များ ပေးအပ်



**လွိုင်ကော် ဇူလိုင် ၃၁**

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (Economic Relief Plan – CERP) Action Plan အရ ကယားပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် နိုင်ငံတော်မှ ငါးသားပေါက်များ ဖြန့်ဖြူးထောက်ပံ့ ပေးအပ်သည့် အခမ်းအနားများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးနှင့် မုံပြာကျေးရွာရှိ လူငယ်ရိပ်သာတို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ငါးမွေးမြူမှုလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် မြက်စားငါးကြင်း စသည့် ငါးသားပေါက်ကောင်ရေ ၁၂၅၇၈၀ ကို ပေးအပ်ရာ လွိုင်ကော်မြို့နယ်ရှိ ရေနီကန်ကျေးရွာ၊ သတ္တပလူကျေးရွာနှင့် ဒေါပေါကလဲကျေးရွာတို့မှ ငါးမွေးတောင်သူ ၂၂ဦးတို့က လက်ခံရယူကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၈ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၃၁**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီမှ ယနေ့ညနေ ၃ နာရီအထိ နေရပ်ပြန်ပြည်သူ ၁၈ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၈ ဦးတို့မှာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦးတို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်မှ နှစ်ဦး၊ ကန့်ဘလူမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်မှ ခြောက်ဦး၊ တာမိုးညဲမြို့နယ်မှ တစ်ဦး၊ နောင်ချိုမြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ သုံးဦး၊ ဟိုပန်မြို့နယ်မှ တစ်ဦးနှင့် ပန်လုံမြို့နယ်မှ တစ်ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၂၉ ဦးနှင့် အမျိုးသမီး ၆၂၁၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၉၄၁ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်အတွင်း ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် (Economic Relief Plan –CERP) အရ ရှမ်းပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် နိုင်ငံတော်မှ ငါးသားပေါက်များ ဖြန့်ဖြူးထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ဟိုပုံးမြို့နယ် တွံတီးကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး၊ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒုတိယပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး၊ ညောင်ရွှေငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဟိုပုံးမြို့နယ်ရှိ ဒေသခံ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်သည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် (၆၅၈) စနစ်ကျလယ်မြေ ဧက ၂၀၀ ကွင်းရှိ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့ကာ ဒေသခံတောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ ဆွေးနွေးခဲ့သည်။ ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ တောင်သူများမိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများ ထောက်ပံ့ပေးခြင်း၊ ထွန်ယက်ရေးလုပ်ငန်းနှင့်ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့ကို စက်မှုလယ်ယာဦးစီးဌာနက စက်ကိရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများအား ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည့်မျိုးစပါး ၁၁၃ တင်းကို ဒေသခံတောင်သူများအား လည်းကောင်း၊ ဒေသခံလုပ်သားများအတွက် နေ့စားလုပ်အားခ ငွေကျပ် ၄၈၃၂၀၀၀ တို့ကို ပေးအပ်ခဲ့သည်။

"ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် ၆၅၈ မှာ စနစ်ကျ လယ်မြေ ၁၅၁ ဧက၊ ပိတောက်ခင်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၃၅) မှာက ၇၅ ဧကကို ကောက်စိုက်စက်တွေနဲ့စိုက်ပျိုးပေးနေတာပါ။ စိုက်ပျိုးရေးလုပ်ငန်းခွင်တွေမှာဆိုရင် ကိုဗစ်ကာလ အလုပ်အကိုင်အခွင့်အလမ်းခက်ခဲပြီးတော့ ပုံမှန်ဝင်ငွေမရှိကြတဲ့ ဒေသခံလုပ်သားတွေဆိုရင် ရာသီချိန် အစကနေ လက်ရှိ ကွင်းပိတ်ချိန်အထိ ၁၈၂ ဦးကို နေ့စားအလုပ်သမားအဖြစ် ငှားရမ်းသုံးစွဲနိုင်ခဲ့လို့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ မိသားစုအလိုက်ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက ပြောသည်။

**သန်းလွင်(ဆွာ)**



# ကိုဗစ် - ၁၉ ကာလအတွင်း မျိုးစေ့များ ပျိုးထောင်စိုက်ပျိုး၍ တောင်သူများထံ ဖြန့်ဖြူးပေးရန်ဆောင်ရွက်

**မြင်းမူ ဇူလိုင် ၃၁**

ကိုဗစ် – ၁၉ ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအတွက် CERP စီမံချက်ဖြင့် ထောက်ပံ့ပေးအပ်ခဲ့သော စပါးမျိုးများ မျိုးစေ့ချ၊ ပျိုးထောင်၊ စိုက်ပျိုးခြင်းလုပ်ငန်းများကို စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံချက်ဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ပျော့ရွာကျေးရွာ လျှပ်စစ်မြစ်ရေတင် စိုက်ကွင်းအတွင်းရှိ တောင်သူ ဦးဝင်းလှိုင်၏ ကွင်းအမှတ် (၃၆၅)တွင် ဇူလိုင် ၃၀ ရက်က ရောမင်း မျိုးစေ့ထုတ်စိုက်ခင်း သုံးဧကကွက်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။ မျိုးစေ့ထုတ်ကွက်အနေဖြင့် ယခုစိုက်ပျိုးလျက်ရှိသော စနစ်တကျလယ်ယာမြေအတွင်း မျိုးစေ့ထုတ်ရန်အတွက် ရောမင်းမျိုးစေ့ထုတ်ကွက် ဧက ၂၀၊ ရွှေဘိုပေါ်ဆန်း မျိုးစေ့ထုတ်ကွက် ၁၀ ဧကနှင့် ဆင်းသုခမျိုးစေ့ထုတ်ကွက် ၁၀ ဧကတို့ကို မျိုးစေ့ချ ပျိုးထောင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ရှိလာမည့် မျိုးစပါးများကို မိမိတို့မြို့နယ်အတွင်းရှိ ဆန်စပါးစိုက်ပျိုးသူ တောင်သူများထံ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ပိုလျှံပါက အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ပျော့ရွာစိုက်ကွင်းတာဝန်ခံ ဒေါ်သင်းနွယ်ဦးထံမှ သိရသည်။



မြင်းမူမြို့နယ်အနေဖြင့် CERP စီမံချက်ဖြင့်ရရှိသော မျိုးစေ့များဖြင့် ရေပုံမှန်ရရှိသည့် ကျေးရွာ ၁၂ ရွာမှ ဧက ၂၅၀ ကို မျိုးစေ့ထုတ်ကွက်အဖြစ် ရွေးချယ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ကိုဗစ် - ၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၃၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ် –၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က သမ္ဘာန်ကျေးရွာ တောင်သူအသိပညာပေးစခန်း၌ ကျင်းပပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးသက်မောင်က ကိုဗစ် –၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး လိုအပ်သော စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနအား ပံ့ပိုးကူညီဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားပြီး မျိုးစေ့များကို တာဝန်ရှိသူများက တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးသက်မောင်နှင့်အဖွဲ့က မျိုးစေ့ထုတ်စိုက်ခင်း၊ SRI စနစ်ဖြင့် စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နေရပ်ပြန် ထိုင်းနိုင်ငံသား ခုနစ်ဦးအား ဆက်လက် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိ

**တာချီလိတ် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ တရားဝင်လာရောက် အလုပ်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံသားများသည် တာချီလိတ်မြို့မှ ထွက်ခွာလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား(၂)မှတစ်ဆင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ခုနစ်ဦးအား တာဝန်ရှိသူများက လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နေရပ်ပြန် ထိုင်းနိုင်ငံသား ခုနစ်ဦးမှာ မြန်မာနိုင်ငံ၌ တရားဝင်လာရောက်အလုပ်လုပ်ကိုင်သူများဖြစ်ကြပြီး ကိုဗစ် – ၁၉ ကူးစက်ရောဂါကြောင့် အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသဖြင့် နေရပ်သို့ပြန်ခြင်းနှင့် မိမိတို့၏ သားသမီးများ အခြေခံပညာကျောင်းများ ပြန်လည်တက်ရောက်နိုင်ရန်အတွက် ယခုကဲ့သို့ နေရပ်သို့ပြန်ခြင်းဖြစ်ကြောင်း၊ လွှဲပြောင်းပို့ဆောင်ခြင်း မပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ကာ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

နေရပ်ပြန် ထိုင်းနိုင်ငံသား ခုနစ်ဦးအား တာချီလိတ်မြို့ လဝကဌာနခွဲ(၆) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့် ဦးဆောင်သည့် တာဝန်ရှိသူများနှင့် CNCMC အဖွဲ့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှ တံတား(၂) တာဝန်ခံရဲအရာရှိ Pathpon Onnoul နှင့် လဝကအရာရှိ၊ ကျန်းမာရေးဌာနမှ ဦးစီးအရာရှိတို့ ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## COVID - 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၃၁**


COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၃၁**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP)အရ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက်က နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း CERP ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးစပါးမျိုးစေ့ထုတ်ကေ ၃၈၂၉ ဧကကို အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ကုမ္ပဏီများနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်သော မိုးစပါးကန်ထရိုက်လယ်ယာလုပ်ငန်းများနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ရေကိုအကျိုးရှိစွာ အသုံးချရေး၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ချေးငွေ အထောက်အပံ့ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အောင်မြင်ရေးအတွက် အလေးထား ဆောင်ရွက်ရန် ကိစ္စရပ်များကိုဆွေးနွေးမှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ ကျေးရွာသစ် စီမံကိန်း Myanmar SMU ကျေးရွာများကို အခြေတည်၍ စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသည်။

နေပြည်တော်တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်များရှိ ကျေးရွာ ၁၅၇ ရွာကို စွမ်းအားမြှင့်မီးဖို ၃၁၀၀၀ ဖြန့်ဖြူးပေးမည်ဖြစ်ရာ လက်ရှိတွင် ကျေးရွာ ၉၁ ရွာကို စွမ်းအားမြှင့်မီးဖို ၁၅၅၀၀ ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးဝင်းဦးက ပြောသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်နှင့်လယ်ဝေးမြို့နယ်များ၌ ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကိုကိုကြီးနှင့် စီမံကိန်းတာဝန်ခံများက စပါးမျိုးစေ့ထုတ်နည်းလမ်းများနှင့် စီမံကိန်းဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပို့ချကြကြောင်း သိရသည်။

**မေမိုးသဲ**





# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ်လ ၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူနာမည်ရွှေထုပ်ကို ပစ္စည်းရွှေထုပ်ဖြင့် ထင်ယောင်ထင်မှားဖြစ်မိပုံအကြောင်းကို ရေးဖွဲ့ထားသည့် "တာတေနှင့် ရွှေထုပ်ပျောက်မှု" မျက်နှာဖုံးကာတွန်း၊ မိုးရာသီအချိန်တွင် ကလေးတို့အနေဖြင့် လျှပ်စီးအန္တရာယ်မှ ကင်းဝေးရန် သတိပြုနေထိုင်သင့်ပုံအကြောင်းကို ရေးသားထားသည့် "လျှပ်စီးဖြစ်ပေါ်လာပုံ"သုတဆောင်းပါး၊ ထီပေါက်ချင်သော စိတ်ဆန္ဒပြင်းပြရာက ထီအမှန်တကယ် ပေါက်သကဲ့သို့ အိပ်မက်မက်ရပုံ အကြောင်းကို ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "ထီပေါက်စဉ်"နှစ်မျက်နှာ ကာတွန်း၊ သူတစ်ပါးအပေါ်တွင် မလိုမုန်းထားစိတ်ဖြင့် မကောင်းကြံမိရာက မိမိတွင် ဘေးဒုက္ခနှင့်ကြုံတွေ့ရပုံအကြောင်း ရေးဖွဲ့ထားသည့်ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စာကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့်ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၆ | ၄၈၃၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၁၅၄၃ | ၄၃၂၈၆၂၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၉ | ၁၂၉၈၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၄ | ၃၉၂၀၀ |
| EFR | ၂၇၅၀ | ၂၈၀၀ | ၅၄၃ | ၁၅၁၇၉၀၀ |

ခင်ရတနာ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(င) လိုင်စင်ရရှိသူတစ်ဦး၏ ဆောင်ရွက်ချက်သည် အောက်ပါ အခြေအနေများနှင့် ညီညွတ်လျှင် ပုဒ်မခွဲ (စ) က အကျိုးသက်ရောက်စေရမည် –

(၁) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို အခွန်နှစ်တစ်နှစ်အတွင်း (ဤပုဒ်မတွင် စွန့်လွှတ်သည့်နှစ်ဟု ရည်ညွှန်းမည်) အပြီးအပိုင် စွန့်လွှတ်လိုက်လျှင်၊ ထို့ပြင်

(၂) စွန့်လွှတ်သည့်နှစ်အတွက် ပြန်လည်ရယူနိုင်ခြင်းမရှိသည့် အရှုံးတစ်ရပ် ရှိနေလျှင်။

(စ) လိုင်စင်ရရှိသူသည် ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် ပြန်လည်ရယူ နိုင်ခြင်းမရှိသည့် အရှုံး၏ ၂၅ ရာခိုင်နှုန်းကို ယင်းလိုင်စင်ရရှိသူက စွန့်လွှတ်သည့်နှစ်နှင့် နောက်လာမည့် အခွန်နှစ်သုံးနှစ်မှ တစ်နှစ်စီအတွက် တစ်ဦးတည်းလိုင်စင်ရရှိသူအဖြစ် ရရှိထားသည့် ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်နှင့် အကျုံးဝင်သည့် အခြားလိုင်စင်ရသည့်နယ်မြေတွင် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှ လိုင်စင်ရရှိသူကရရှိသည့် စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ပယ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဂ) အထိတွင် လိုအပ်သည့် အပြောင်းအလဲများကို ပြုလုပ်မည်ဆိုပါက ယင်းပုဒ်မခွဲများသည် လိုင်စင်ရသည့်နယ်မြေ၌ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် လိုင်စင်ရရှိသူတစ်ဦး အပေါ်၌လည်း အကျိုးသက်ရောက်စေရမည်။

(ဇ) ဤပုဒ်မတွင် –

(၁) လိုင်စင်ရရှိသူတစ်ဦးက တူးဖော်ထုတ်လုပ်သည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့နှင့် စပ်လျဉ်း၍ **ပေးဝေဖြန့်ဖြူးသည့်နေရာ** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည် –

(ကက) ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့အတွက် ပိုင်ဆိုင်ခွင့်ကို စာချုပ်ဝင်တစ်ဦးက အခြား စာချုပ်ဝင်တစ်ဦးသို့ လွှဲပြောင်းပေးသည့် သက်ဆိုင်ရာ ထုတ်လုပ်မှုအပေါ် ခွဲဝေသည့် ပဋိညာဉ်တွင် သဘောတူညီထားသည့် နေရာ၊

(ခခ) သက်ဆိုင်ရာ ထုတ်လုပ်မှုအပေါ် ခွဲဝေသည့် ပဋိညာဉ်တွင် ယင်းသို့သဘောတူညီထားသော နေရာတစ်ခု မပါဝင်ပါက –

(၁-၁) ရေနံစိမ်းသို့မဟုတ် သဘာဝဓာတ်ငွေ့သည် မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်အတွက်ဖြစ်လျှင် စည်းမျဉ်းများဖြင့် သတ်မှတ်သည့် မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်အတွက် ရရှိနိုင်စေသည့် နေရာ၊ သို့မဟုတ်

(၁-၂) ရေနံစိမ်းသို့မဟုတ် သဘာဝဓာတ်ငွေ့သည် ပြည်ပတင်ပို့ရန်ဖြစ်လျှင် အောက်ပါတို့အနက် တစ်ခုခုဖြစ်သည် –

(ကကက) မြန်မာနိုင်ငံမှ ပြည်ပတင်ပို့သည့် ပိုက်လိုင်းရှိ သင်္ဘောပေါ်အရောက်တန်ဖိုး (Free On Board – FOB) သတ်မှတ်သည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ ပို့လွှတ်သည့်နေရာ ( inlet flange)၊

( ခခခ ) ရေနံစိမ်း သို့မဟုတ် သဘာဝ ဓာတ်ငွေ့ကို ပိုက်လိုင်းတစ်ခု၏ တိုင်းတာရေးစခန်းသို့ ရောက်ရှိအောင် ပို့ဆောင်ပေးသည့် အခြေခံအဆောက်အအုံ (loading facility)၊

( ဂဂဂ ) သယ်ဆောင်မည့် ရေနံတင်သင်္ဘော (lifting tank ship) မှ အဝင်ပိုက် (intake pipe) ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပို့လွှတ်သည့်နေရာ (inlet flange)။

(၂) **လိုင်စင်ရသည့်နယ်မြေ** ဆိုရာတွင် –

(ကက) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်တွင် အကျုံးဝင်သည့်နယ်မြေသည် လိုင်စင်ရရှိသူ၏ သတ္တုရှာဖွေရန် အခွင့်အရေးတွင် အကျုံးဝင်သည့် နယ်မြေအတွင်း အပြည့်အဝကျရောက်ပါက ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာရှာဖွေရန် ယင်းအခွင့်အရေးတွင် အကျုံးဝင်သည့် ယင်းနယ်မြေ ပါဝင်သည်၊ သို့မဟုတ်

( ခခ ) ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ ပဋိညာဉ်နှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ ပဋိညာဉ်တွင် အကျုံးဝင်သည့် ပဋိညာဉ်ဆိုင်ရာ နယ်မြေကို ဆိုသည်။

(၃) လိုင်စင်ရရှိသူတစ်ဦးက စွန့်လွှတ်လိုက်သည့် ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်နှင့် စပ်လျဉ်း၍ **ပြန်လည်ရယူနိုင်ခြင်းမရှိသည့် အရှုံး**ဆိုသည်မှာ အောက်ပါ ပုံသေနည်းနှင့်အညီ တွက်ချက်ရရှိသည့် အပေါင်းကိန်း ငွေကြေးပမာဏတစ်ရပ်ကို ဆိုသည် –

A + B – C

ယင်းတွင် –

A သည် စွန့်လွှတ်သည့်နှစ်အတွင်း စွန့်လွှတ်လိုက်သည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် အကျုံးဝင်သည့် လိုင်စင်ရသည့် နယ်မြေတွင် လိုင်စင်ရရှိသူက ဆောင်ရွက်သည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုင်စင်ရရှိသူ၏ စုစုပေါင်း နုတ်ပယ်မှုများ ဖြစ်သည်၊

B သည် ပုဒ်မခွဲ (ဂ) အရ ယခင် အခွန်နှစ်မှ ဆက်လက်သယ်ဆောင်သည့် မည်သည့်ငွေကြေးပမာဏမဆို ဖြစ်သည်၊

C သည် စွန့်လွှတ်သည့်နှစ်အတွင်း စွန့်လွှတ်လိုက်သည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် အကျုံးဝင်သည့် လိုင်စင်ရသည့်နယ်မြေတွင် ဆောင်ရွက်သည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများမှ ရရှိသည့် စုစုပေါင်းစည်းကြပ်ထိုက်သော ဝင်ငွေဖြစ်သည်။

**ထပ်ဆင့်အပ်နှံသည့် လုပ်ငန်းများ (farm-outs)အား အခွန်ကောက်ခံခြင်း**

၆၈။ (က) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် ဤပုဒ်မအရ အကျိုးသက်ရောက်စေရမည် –

(၁) လိုင်စင်ရရှိသူတစ်ဦး (**“လွှဲပြောင်းပေးသူ”**ဟု ရည်ညွှန်းမည်) သည် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး တစ်ရပ်ရှိ အကျိုးစီးပွား တစ်ရပ်ကို လွှဲပြောင်းခြင်းအတွက် ပုဂ္ဂိုလ်တစ်ဦး (**“လွှဲပြောင်းလက်ခံသူ”**ဟုရည်ညွှန်းမည်)နှင့် သဘောတူညီချက်တစ်ရပ် (“ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်”ဟု ရည်ညွှန်းမည်) ပြုလုပ်လျှင်၊ ထို့ပြင်

(၂) လွှဲပြောင်းလက်ခံသူက ယင်းအကျိုးစီးပွားအတွက် ပေးအပ်ရသည့် အဖိုးစားနားတွင် လွှဲပြောင်းပေးသူက ဆက်လက်ထိန်းသိမ်းထားသည့် အခွင့်အရေးရှိ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသူက လွှဲပြောင်းပေးသူ၏ လုပ်ငန်းဆိုင်ရာ ကတိကဝတ်အချို့ သို့မဟုတ် အားလုံးကို တာဝန်ယူဆောင်ရွက်ခြင်း ပါဝင်လျှင်။

(ခ) ဤပုဒ်မက အကျိုးသက်ရောက်လျှင် –

(၁) လွှဲပြောင်းပေးသူက ဆက်လက်ထိန်းသိမ်းထားသည့် အကျိုးစီးပွား၏ အစိတ်အပိုင်းနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသူက ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းမဆို တန်ဖိုးသည် အောက်ပါတစ်ရပ်ရပ်တွင် ပါဝင်ခြင်းမရှိစေရ –

(ကက) လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လွှဲပြောင်းပေးသူက လက်ခံရရှိသည့် အဖိုးစားနား၊ သို့မဟုတ်

( ခခ ) လွှဲပြောင်းပေးသူ၏ စည်းကြပ်ထိုက်သောဝင်ငွေ၊ ထို့ပြင်

(၂) အောက်ပါတို့သည် လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လွှဲပြောင်းပေးသူက လက်ခံရရှိသည့် သို့မဟုတ် ရရန်ရှိသည့် မည်သည့် ငွေကြေးပမာဏ အပေါ်၌မဆို အကျိုးသက်ရောက်စေရမည် –

(ကက) ငွေကြေးပမာဏတစ်ရပ်သည် လွှဲပြောင်းပေးသည့် အကျိုးစီးပွားနှင့် စပ်လျဉ်း၍ လွှဲပြောင်းပေးသူက ကျခံခဲ့ရသည့် အသုံးစရိတ်အတွက် ခွင့်ပြုသည့် နုတ်ပယ်မှုများကို ပြန်လည်ရယူခြင်း ဖြစ်သည်ဟု ယူဆလျက် ပုဒ်မ ၁၅ သည် ယင်းငွေကြေးပမာဏအပေါ် အကျိုးသက်ရောက် စေရမည်၊

( ခခ ) ငွေကြေးပမာဏတစ်ရပ်သည် ပုဒ်မ ၁၅ နှင့် အကျုံးဝင်သည့် နုတ်ပယ်ထားသော အသုံးစရိတ်ပမာဏထက် ကျော်လွန်လျှင် ယင်းကျော်လွန်သည့်ပမာဏကို လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လက်ခံရရှိသည့် အဖိုးစားနားအဖြစ် မှတ်ယူရမည်။

**ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများကို သွယ်ဝိုက်လွှဲပြောင်းခြင်းများ**

၆၉။ (က) အခွန်နှစ်တစ်နှစ်အတွင်း အောက်ပါအခြေအနေများနှင့် ညီညွတ်ပါက ဤပုဒ်မအရ အကျိုးသက်ရောက်စေရမည် –

(၁) ပြည်ပနေပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင် အကျိုးစီးပွားတစ်ရပ်ကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း ရရှိခြင်း၊

(၂) ယင်းအဖွဲ့ဝင်အကျိုးစီးပွားတန်ဖိုး၏ ၅၀ ရာခိုင်နှုန်း အထက်ကို လိုင်စင်ရရှိသူက ပိုင်ဆိုင်ထားသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် အခွင့်အရေးများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိခြင်း၊

(၃) အမြတ်အစွန်းသည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်ခြင်း။

( ခ ) ဤပုဒ်မက အကျိုးသက်ရောက်ပြီး လိုင်စင်ရရှိသူ၏ မမြင်သာသည့် ပိုင်ဆိုင်မှုတွင် ၁၀ ရာခိုင်နှုန်းနှင့်အထက် ပြောင်းလဲခဲ့လျှင် လိုင်စင်ရရှိသူသည် ယင်းပြောင်းလဲမှုအကြောင်းကို ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ရေးသားလျက် ချက်ချင်းအကြောင်းကြားရမည်။

( ဂ ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ လိုင်စင်ရရှိသူတစ်ဦးသည် ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ရန် လိုအပ်လျှင် ယင်းလိုင်စင်ရရှိသူသည် ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် အမြတ်အစွန်းနှင့်စပ်လျဉ်း၍ ပြည်ပနေပုဂ္ဂိုလ်က ပေးဆောင်ရန်ရှိသည့် အခွန်အတွက် ကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ရန် တာဝန်ရှိသည်။

(ဃ) ယင်းထုခွဲရောင်းချမှုသည် စတော့ဈေးကွက်တွင် ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်သည့်နည်းလမ်းဖြင့် ပြုလုပ်ခြင်းဖြစ်ပါက ပုဒ်မခွဲ (ဂ) သည် အကျိုးသက်ရောက်ခြင်း မရှိစေရ။

( င ) လိုင်စင်ရရှိသူက ပုဒ်မခွဲ (ဂ) အရ ပြည်ပနေပုဂ္ဂိုလ်တစ်ဦးကိုယ်စား ပေးဆောင်ခဲ့သည့် မည်သည့်အခွန်ပမာဏကိုမဆို အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ အရ ယင်းပြည်ပနေပုဂ္ဂိုလ်၏ အခွန်ဆိုင်ရာတာဝန်မှ ခုနှိမ်ခွင့်ပြုရမည်။

( စ ) ဤပုဒ်မက အကျိုးသက်ရောက်သည့် ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင် အကျိုးစီးပွားတစ်ရပ်ကို ပိုင်ဆိုင်သူသည် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ယင်းအဖွဲ့ဝင်အကျိုးစီးပွားသည် လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ရပ် ဖြစ်သည်ဟုယူဆလျက် ဤဥပဒေသည် ယင်းအဖွဲ့ဝင်အကျိုးစီးပွားအပေါ်၌ အကျိုးသက်ရောက်စေရမည်။

## အပိုင်း (၂)

## ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်

**အဓိပ္ပာယ်ဖော်ပြချက်များ**

၇၀။ ဤအပိုင်းတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ်သက်ရောက်စေခြင်းမရှိလျှင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) **အထွေထွေအာမခံ** ဆိုသည်မှာ အသက်အာမခံမဟုတ်သည့် မည်သည့်အာမခံ သို့မဟုတ် တစ်ဆင့်အာမခံမဆိုကို ဆိုသည်။

( ခ ) **အသက်အာမခံ** ဆိုသည်မှာ အောက်ပါအတန်းအစား တစ်ခုခုဖြစ်သည့် အာမခံကို ဆိုသည် –

(၁) သတ်မှတ်ဖြစ်ရပ်သည် အာမခံထားသူ သို့မဟုတ် အာမခံထားသူ၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး သေဆုံးခြင်းဖြစ်သည့် အာမခံ၊

(၂) အောက်ပါဖြစ်ရပ်များ အကျုံးဝင်သည့် အာမခံ –

(ကက) သတ်မှတ်ဖြစ်ရပ်သည် အာမခံထားသူ သို့မဟုတ် အာမံထားသူ၏ တွဲဖက်လုပ်ကိုင်သူဖြစ်သူ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အာမခံထားသူ သို့မဟုတ် အာမခံထားသူ၏ တွဲဖက်လုပ်ကိုင်သူဖြစ်သူ မသန်စွမ်းဖြစ်ခြင်း၊

( ခခ ) အာမခံသဘောတူညီချက်သည် အနည်းဆုံးငါးနှစ်သက်တမ်းရှိကြောင်း ဖော်ပြထားပြီး စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့် အခြေအနေများကြောင့်မှအပ ငါးနှစ်သက်တမ်း မကုန်ဆုံးမီ အာမခံလုပ်ငန်း လုပ်ကိုင်သူက ဖျက်သိမ်းခြင်း မပြုနိုင်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဗစ်တိုးရီးယားဘက်ခမ်း၏ ဖက်ရှင်လုပ်ငန်းမှ ဝန်ထမ်းလျှော့ချမည်

ဗစ်တိုးရီးယားဘက်ခမ်းရဲ့ဖက်ရှင်လုပ်ငန်းကနေ ဝန်ထမ်းအင်အား ငါးပုံ တစ်ပုံ လျှော့ချသွားမယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဗစ်တိုးရီးယားဘက်ခမ်းရဲ့ဖက်ရှင်ဆိုင်တွေမှာ ရောင်းအားကျဆင်းလာပါတယ်။ ဗြိတိန်တစ်လွှား ကိုဗစ်- ၁၉ ရဲ့ခြိမ်းခြောက်မှုကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ပြီးတဲ့နောက် ဗစ်တိုးရီးယားရဲ့လန်ဒန်က ဖက်ရှင်ဆိုင်ကို ပိတ်ထားခဲ့ရပါတယ်။

ကုန်ကျစရိတ်တွေကို ကာမိဖို့အတွက်လည်း တစ်နှစ်လုံးစာ ဖက်ရှင်စုစည်းမှု အရေအတွက်ကို ထက်ဝက်လျှော့ချသွားဖို့ ဗစ်တိုးရီးယားက စီစဉ်နေတယ်လို့ သိရပါတယ်။ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ “တခြားသော စီးပွားရေး လုပ်ငန်းတွေလိုပဲ ဗစ်တိုးရီးယားဘက်ခမ်းရဲ့ လုပ်ငန်းတွေမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုတွေရှိပါတယ်”လို့ The Mirror ကို ပြောကြားခဲ့ပါတယ်။

အနာဂတ်မှာ ထိရောက်မှုရှိပြီး အာမခံချက်ရှိမယ့် လုပ်ငန်းမျိုး တည်ထောင်သွားဖို့ ရှိပါတယ်။ လူဦးရေ လျှော့ချရတာကတော့ စိတ်မကောင်းစရာပါပဲလို့ သူက ဆက်ပြောပါတယ်။ ဗစ်တိုးရီးယားရဲ့ ဖက်ရှင်ပစ္စည်းတွေကို နာမည်ကျော်တွေက အားပေးကြပေမယ့် မကြာသေးမီ နှစ်အတွင်းမှာတော့ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဂျနီဖာလိုပက်ဇ်၊ လေဒီဂါဂါနဲ့ ဆာဆက်မြို့စားကတော်တို့ဟာ ဗစ်တိုးရီးယားရဲ့ဖောက်သည်အဖြစ်ကနေ ကျောခိုင်းခဲ့ကြပါတယ်။

**ဟယ်လို**



ဗစ်တိုးရီးယားဘက်ခမ်း

### ဘတ်ဖ်တာ ရုပ်သံထူးချွန်ဆုပေးပွဲကို အွန်လိုင်းမှာ ကျင်းပသွားမည်

ယခုနှစ်အတွက် ဘတ်ဖ်တာရုပ်သံထူးချွန်ဆုပေးပွဲကို ကော်ဇောနီခင်းပြီး ကျင်းပနိုင်တော့မှာ မဟုတ်ပါဘူး။ အဲဒီအစား အွန်လိုင်းပေါ်ကနေပဲ ကျင်းပသွားမယ်လို့ သိရပါတယ်။ ဘတ်ဖ်တာပွဲရဲ့ အခမ်းအနားမှူးဖြစ်တဲ့ ရစ်ချက်အယိုဒီကတော့ စတူဒီယိုထဲမှာ အခြားသောအစီအစဉ်တင်ဆက်သူတွေနဲ့အတူ ရှိနေမှာဖြစ်ပြီး အွန်လိုင်းပေါ်ကပဲ ဆုရရှိသူတွေကို ကြေညာပေးသွားမှာပါ။

ယခုနှစ်အစောပိုင်းကလည်း ဘတ်ဖ်တာရုပ်သံထူးချွန်ဆုပေးပွဲမှာ လူဖြူတွေသာ ကြီးစိုးနေတယ်ဆိုပြီး ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့ပါတယ်။ ဟာသပညာရှင် တွမ်အယ်လင်းက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ဘတ်ဖ်တာ အကြိုရှိုးပွဲကို ပြုလုပ်သွားဖို့ရှိပါတယ်။

ဘတ်ဖ်တာထူးချွန်ဆုပေးပွဲကိုတော့ ဇူလိုင် ၃၁ ရက်မှာ ထုတ်လွှင့်ပြသသွားမှာပါ။ ဗြိတိန်ရုပ်ရှင်နဲ့ ရုပ်သံအကယ်ဒမီကို ၁၉၄၇ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှစတင်ကာ ရုပ်သံထူးချွန်ဆုတွေကို ချီးမြှင့်ပေးခဲ့ပါတယ်။

**စကိုင်းနယူး**





# ရန်ကုန်မြို့က ကြိုဆိုပါ၏ ရန်ကုန်မြို့မှ ထွက်ခွာပါတော့မည်

**မောင်ခင်မင် (ဓနုဖြူ)**

“သမီးရေ၊ ဒီသတင်းဖတ်ပြီးပြီလား”

“ဪ ‘ရန်ကုန်မြို့အဝင် ဆိုင်းဘုတ်တည် ဆောက်မှုရာနှုန်းပြည့်ပြီးစီး’ ဆိုတဲ့ သတင်းလား ဘဘ။ သမီးဖတ်ပြီးပါပြီ။ မြို့အဝင်ဆိုင်းဘုတ်ကို ခံ့ခံ့ညားညား လှလှပပ လုပ်ထားတာဆိုတော့ ကျက်သရေရှိတာပေါ့နော်”

“ဟုတ်တယ်။ ဝမ်းသာစရာသတင်းတစ်ခုပဲ။ မြို့အင်္ဂါရပ်နဲ့အညီ လိုအပ်တဲ့အဆောင်အယောင် တစ်ခုလို့ ဆိုရမှာပေါ့။ အဲဒီဓာတ်ပုံထဲက ရေးထားတဲ့စာကို ဖတ်ကြည့်လိုက်ပါအုံး”

“ဟုတ်ကဲ့၊ welcome to Yangon ပါ ဘဘ”

“ဟုတ်ပါပြီ။ မြန်မာလိုရေးထားတာကရော”

“မြန်မာလို ရေးထားတာက…ဟင် ‘ရန်ကုန်မြို့မှ ကြိုဆိုပါ၏’ လို့ ရေးထားတယ် ဘဘ”

“သမီးက ‘ဟင်’ ဆိုပြီး ဘာဖြစ်လို့ အထိတ်တလန့်ဖြစ်သွားရတာလဲ”

“ရန်ကုန်မြို့က ကြိုဆိုပါ၏လို့ရေးမှ မှန်မှာပေါ့ ဘဘ၊ အခုရေးထားတာက ‘ရန်ကုန်မြို့မှ ကြိုဆိုပါ၏’ တဲ့။ ‘က’ နဲ့ ‘မှ’ လွဲနေလို့ပါ”

“အင်း- သမီးက တက္ကသိုလ်က မြန်မာစာ ကထိကဆိုတော့ အမှားတွေ့တာနဲ့ ချက်ချင်း မြင်လိုက်တာပေါ့ကွယ်။ ဘဘလဲ အဲဒါပြောချင်လို့ပါ”

“ဟုတ်ကဲ့ပါ ဘဘ”

“ ‘မှ’ နဲ့ ‘က’ မှားသုံးတာမျိုး တော်တော်လေး နည်းသွားပြီထင်တာ။ ပထမတော့ ဘာမှ မပြောတော့ဘူးလို့။ ခုတော့ ဒီလိုထုကြီးထည်ကြီး လုပ်ထားတဲ့ အဆောင်အယောင် ဆိုင်းဘုတ်မှာတောင် ဒီလိုဖြစ်နေတော့ မနေသာလို့ ပြောရ ပြန်တာပေါ့ကွယ်”

“ပြောသင့်ပါတယ် ဘဘ။ ဒီလိုပြောမှ သတိထားမိကြမှာပေါ့။ ဒါထက်- သမီးတို့က ငယ်တော့ အဲဒီ မှ နဲ့ က ဘယ်တုန်းက စမှားတယ်ဆိုတာ သေသေချာချာ မသိပါဘူး ဘဘ။ ကြုံတုန်းသတိရလို့ ဘဘကိုမေးကြည့်တာပါ”

“ပြောရရင်တော့ ၁၉၆၅ ခုလောက်က စမှားတာပေါ့ကွယ်။ သမီးတောင်မွေးအုံးမှာ မဟုတ်သေးဘူး။ အဲဒီတုန်းက အစိုးရနဲ့ တောတွင်းက ပုဂ္ဂိုလ်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်တယ်။ တောတွင်းကလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ စကားတွေကို မြန်မာ့အသံကလွှင့်တော့ ‘ဗိုလ်ဘယ်သူမှ ပြောပါသည်’၊ ‘ရဲဘော်ဘယ်သူမှ ပြောပါသည်’ ဆိုပြီး ‘မှ’ တွေသုံးတာ ပလူပျံနေတာပဲ။ သူတို့ရေးတဲ့စာတွေ မှာလဲ ပြုလုပ်တဲ့သူကို ‘က’ မသုံးဘဲ ‘မှ’ တွေချည်း သုံးတာ။ အဲဒီစာတွေလဲ သင်ခန်းစာထဲမှာ ပါတာကိုး။ လိုရင်းပြောရရင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်သွားပြီး သူတို့သာ တောထဲ ပြန်သွားတယ်။ သူတို့သုံးခဲ့တဲ့ ‘မှ’ တွေကို ထားပစ်ခဲ့တယ်ထင်ပါရဲ့။ အဲဒီအချိန်ကစပြီး သတင်းစာတွေ၊ စာအုပ်စာတမ်းတွေမှာ ‘က’ နေရာမှာ ‘မှ’ တွေ အလုံးအရင်းနဲ့ ဝင်လာတော့တာပဲကွယ်”

“မှတ်သားစရာပါ ဘဘ။ သမီးလဲ ခုမှသေသေချာချာသိပါတယ်”

“မြန်မာစကားဖွဲ့ထုံးစည်းကမ်းမှာ ‘က’ ဆိုရင် ပြုလုပ်သူကိုပြတယ်။ ‘မှ’ ဆိုရင် ထွက်ခွာရာကို ပြတယ်။ ခုအထိ သင်ကြားနေတဲ့ သဒ္ဒါတွေမှာလဲ ဒီအတိုင်းပဲ။ ပြုလုပ်သူကို ‘မှ’ လို့ ဘယ်သဒ္ဒါစာအုပ်ကမှမပြပါဘူးကွယ်။ အခုလဲ ကျောင်းတွေမှာ အဲဒီလိုမသင်ပါဘူး”

“ဟုတ်ကဲ့ပါ”

“ဒါပေမဲ့ အဲဒီတုန်းက ‘မှ’ တွေက ကျောင်းပြင်ပမှာ တွင်ကျယ်လာတယ်။ တပ်ထဲက အသုံးအနှုန်းတွေမှာလဲ ‘မှ’ တွေ အများကြီး တွေ့ရတယ်။ ‘ဗိုလ်မှူးကြီးဘယ်သူမှ’၊ ‘ဗိုလ်ဘယ်သူမှ’ ဆိုတာတွေပေါ့”

“ဟုတ်ကဲ့”

“အင်း…ပြောရအုံးမယ်။ တစ်ခါက အစည်းအဝေးတစ်ခုမှာ ဆွေးနွေးတဲ့သူတွေက ဟိုလူကလဲ ‘မှ’၊ ဒီလူကလဲ ‘မှ’ လုပ်နေတော့ ဆရာကြီးတစ်ယောက်က စိတ်မရှည်တော့ဘဲ ထပြောရော။ ‘ခင်ဗျားတို့ အဲဒီ ‘မှ’ တွေကို အကောင်းထင်ပြီး သုံးမနေနဲ့။ တောတွင်းက လူတွေသုံးခဲ့တဲ့ အသုံးမှားကြီး။ ‘ခင်ဗျားတို့က အမွေခံလိုက်တာ’ လို့ ပြောပါလေရော”

“ဪ”

“သမီးသိတဲ့အတိုင်း အခမ်းအနားတွေမှာလဲ ‘သဘာပတိကြီးမှ မိန့်ကြားပါတော့မယ်’တို့၊ ‘ဥက္ကဋ္ဌကြီးမှ ဆုချီးမြှင့်ပါတော့မယ်’တို့၊ ‘မှ’ တွေ တွင်ကျယ်လာရော။ ရေးကြပြောကြလွန်းလို့လားတော့မသိဘူး။ အရင်လောက်တော့ ‘မှ’ မသုံးတော့ဘူး။ တချို့ကတော့ ‘မှ’ ပြောလိုက်၊ ‘က’ ပြောလိုက်တစ်လှည့်စီ ပြောကြတယ်။ အတူတူထင်လို့ ထင်ပါရဲ့။ အခုလက်ရှိ အခြေအနေမှာတော့ တီဗွီတို့၊ ရေဒီယိုတို့က သတင်းကြေညာတဲ့ သူတွေရဲ့ ပါးစပ်ထဲမှာ ‘မှ’တွေ တရစ်ဝဲဝဲရှိနေတုန်းပဲ။ တီဗွီက ကိုရီးယားရုပ်ရှင်တွေရဲ့ အောက်ခြေက စာတန်းတွေမှာလဲ ‘ဆရာတော်ကြီး ဦးပညာဗလမှ တရားဟောကြားတော်မူပါမည်’ ဆိုတာမျိုး စာတန်းကလေးတွေ ဖတ်နေရတုန်းပါပဲကွယ်”

> **“မြန်မာစကားဖွဲ့ထုံးစည်းကမ်းမှာ ‘က’ ဆိုရင် ပြုလုပ်သူကို ပြတယ်။ ‘မှ’ ဆိုရင် ထွက်ခွာရာကို ပြတယ်။ ခုအထိ သင်ကြားနေတဲ့ သဒ္ဒါတွေမှာလဲ ဒီအတိုင်းပဲ။ ပြုလုပ်သူကို ‘မှ’ လို့ ဘယ်သဒ္ဒါစာအုပ်ကမှ မပြပါဘူးကွယ်။ အခုလဲ ကျောင်းတွေမှာ အဲဒီလို မသင်ပါဘူး”**

“စိတ်မောစရာကြီးပဲနော် ဘဘ”

“မြို့အဝင်ဆိုင်းဘုတ်နဲ့ ပတ်သက်ပြီး ပြောရအုံးမယ်။ သမီး၊ ဆရာမောင်သုတဆိုတာ ကြားဖူးတယ် မဟုတ်လား”

“ကြားဖူးပါတယ် ဘဘ။ ဗိုလ်မှူးဘသောင်းရဲ့ ကလောင်နာမည်ပါ။ ဆရာကြီးရေးတဲ့ ‘စာဆိုတော်များအတ္ထုပ္ပတ္တိ’ကို သမီးတို့ လက်စွဲလုပ်ပြီး လေ့လာနေရပါတယ်”

“အေး… ဗိုလ်မှူးဘသောင်းက မြန်မာစာပေပညာရှင်ကြီးပါကွယ်။ မဟာဝိဇ္ဇာဘွဲ့ကို ထူးထူးချွန်ချွန်အောင်ပြီး ရန်ကုန်တက္ကသိုလ်မှာ ဆရာလုပ်နေရာက တပ်မတော်ထဲဝင်အမှုထမ်းတယ်။ မေမြို့ အခု ပြင်ဦးလွင်ပေါ့။ ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ မြန်မာစာဌာနမှူးအဖြစ် သင်ကြားပို့ချခဲ့တယ်။ မြန်မာစာအဖွဲ့မှာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်တယ်။ မြဝတီမဂ္ဂဇင်းမှာ ‘မြန်မာစာ မြှင့်ချင်လွန်းလို့’ ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာစာ သတ်ပုံရေးထုံးဆိုင်ရာ ဆောင်းပါးတွေ နှစ်ပေါင်းများစွာ ရေးခဲ့တာ၊ ဘဘတို့ ငယ်ငယ်က လေ့လာခဲ့ရတာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီ မြန်မာစာပေပညာရှင် ဆရာကြီး မောင်သုတလို့ခေါ်တဲ့ ဗိုလ်မှူးဘသောင်းက ပြင်ဦးလွင်မှာ မြို့အဝင်ဆိုင်းဘုတ်နဲ့ မြို့အထွက်ဆိုင်းဘုတ်အတွက် စာရေးသားစီကုံးပေးခဲ့ဖူးတယ်ကွဲ့”

“ဪ…ဘယ်လိုပါလဲ ဘဘ”

“ဆရာကြီးက မြို့အဝင် ဆိုင်းဘုတ်ကို ‘ပြင်ဦးလွင်က၊ ခင်မင်လှစွာ၊ ကြိုဆိုပါ၏’ လို့ ရေးတယ်ကွဲ့”

“ဟုတ်ကဲ့”

“မြို့အထွက် ဆိုင်းဘုတ်ကိုတော့ ‘ပြင်ဦးလွင်က၊ ကြည်ရွှင်သာယာ၊ ခွန်းဆက်ပါ၏’ လို့ ရေးတယ်ကွဲ့”

“ဟုတ်ကဲ့ပါ”

“တစ်ခါကျတော့ ပြင်ဦးလွင်စစ်တက္ကသိုလ်က အကြီးအကဲတစ်ယောက်က ‘ပြင်ဦးလွင်မှ ကြိုဆိုပါ၏’ လို့ ရေးတာကို အရာရှိတစ်ယောက်က ‘ပြင်ဦးလွင်ကလို့ရေးမှ မှန်တယ်’ ဆိုတဲ့ အကြောင်း ရှင်းပြပြီး ဆရာကြီး မောင်သုတရဲ့ မြို့ဝင်မြို့ထွက် ဆိုင်းဘုတ်နှစ်ခုကို အကိုးအကား အထောက်အထားပြုပြီး ပြောတော့ အဲဒီအကြီးအကဲက ကျေနပ်ပြီး လက်ခံသွားတယ်ဆိုတဲ့ အကြောင်း ကာယကံရှင် အရာရှိက ပြောပြလို့ ဘဘလဲ မှတ်သားလိုက်ရတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“အခု မဂ္ဂဇင်းတွေ၊ စာစောင်တွေမှာ ‘ဘယ်အသင်းက ထုတ်ဝေသည်’လို့ ရေးထားတာမျိုး ‘ဘယ်အဖွဲ့က ပုံနှိပ်သည်’လို့ ရေးထားတာမျိုးတွေ တွေ့ရမှာပေါ့ကွယ်”

“ဟုတ်ကဲ့”

“ဥပဒေတွေမှာလဲ ‘နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပေးပို့လာသော’ ဆိုတာမျိုး ရေးတာ တွေ့နိုင်ပါတယ်။ ‘နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးပေးပို့သော’လို့ မရေးပါဘူး”

“ဟုတ်ပါတယ် ဘဘ”

“အဲဒီဆိုင်းဘုတ်က စာသားကိုကြည့်လေ။ ‘ရန်ကုန်မြို့က ကြိုဆိုပါ၏’ ဆိုတာမှာ ‘က’ က ပြုလုပ်သူကို ဖော်ပြတဲ့စကားလေ။ ရန်ကုန်မြို့က ကြိုဆိုတဲ့သူလေ။ တကယ်တော့ ရန်ကုန်မြို့မှာ ရှိတဲ့သူတွေက ကြိုဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဘောလုံးပွဲတွင် ရန်ကုန်တိုင်းက အနိုင်ရသည် ဆိုတာမျိုး သုံးတာပေါ့။ ‘က’ လို့သုံးမှ ကြိုဆိုတဲ့သူဟာ ရန်ကုန်တိုင်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရမှာပေါ့”

“ ‘ရန်ကုန်မြို့မှ’ လို့သုံးရင် ထွက်ခွာတဲ့ အဓိပ္ပာယ်ပေါ့နော် ဘဘ”

“ဟုတ်တယ်လေ။ ‘ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ’ဆိုတာမျိုးသုံးရင်မှန်တာပေါ့။ ဒါတောင်‘မှ’ကို စာစကားအနေနဲ့ပဲ သုံးလို့ရတာလေ။ ‘ရန်ကုန်မြို့မှထွက်ခွာပါတယ်’ လို့သုံးရင် အပြောစကားထဲမှာ ‘မှ’ ကြီးဝင်နေလို့ ကန့်လန့်ဖြစ်နေတာပေါ့။ အပြောစကားမှာလဲ ‘ရန်ကုန်မြို့က ထွက်ခွာခဲ့ပါတယ်’လို့ သုံးရတယ်။ ‘က’ က စာသုံးရော၊ အပြောသုံးရော ရတယ်။ ‘မှ’ က စာသုံးပဲရတယ်။ အပြောသုံးမရဘူး။ ပြီးတော့ ထွက်ခွာတဲ့ အဓိပ္ပာယ်ပဲရတယ်။ ပြုလုပ်တဲ့ အဓိပ္ပာယ်မရဘူး”

“နားလည်ပါပြီ ဘဘ”

“ဘဘကတော့ အစမှာပြောသလို မနေနိုင်လို့ ပြောရတာလေ။ နောက်ထပ်ဆိုင်းဘုတ်တွေ ခံ့ခံ့ညားညား လုပ်အုံးမှာလို့ဆိုတော့ မြို့အထွက် ဆိုင်းဘုတ်ကိုလဲ ‘ရန်ကုန်မြို့က နှုတ်ဆက်ပါ၏’ လို့ ရေးမှမှန်မယ်ဆိုတာကိုပါ ကြိုကြိုတင်တင် ပြောပြတဲ့ သဘောပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ” ။ ။

## သရက်မြို့နယ်၌ အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေပေးအပ်

သရက် ဇူလိုင် ၃၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာများတွင် ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးစာရေးများနှင့်အတူ ဇူလိုင် ၂၈ ရက်က ကျေးရွာများသို့ ပေးအပ်သည်။ (အောက်ပုံ) ပေါက်ကလေး(သရက်)



## အခြေခံလူတန်းစားများအား ဆန်လှူဒါန်းပေးရန် စာရင်းကောက်ယူ

မူဆယ် ဇူလိုင် ၃၁

မြန်မာနိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစားများအား UAB ဘဏ်က အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်နှုန်း ပေးဝေလှူဒါန်းမည်ဖြစ်ရာ မူဆယ်မြို့၌လည်း ဆန်လှူဒါန်းရန်အတွက် ဇူလိုင် ၂၉ ရက်မှစ၍ မူဆယ်မြို့ UAB ဘဏ်ခွဲမှ တာဝန်ခံ ဒေါ်ဆောင်နမ် ဦးဆောင်သည့် ဘဏ်ဝန်ထမ်းများက မူဆယ်မြို့ မြင့်မြတ်ပါရမီ ပရဟိတသွေးလှူရှင်အသင်းဝင်များနှင့်ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများမှ အမှန်တကယ် ဆင်းရဲနွမ်းပါးသူ လက်လုပ်လက်စား အိမ်ထောင်စုများ၏ စာရင်းကို လိုက်လံကောက်ယူနေသည်။

ဇူလိုင် ၂၉ ရက်က စာရင်းကောက်ယူရာတွင် မူဆယ်မြို့ သိန်းသန်းချီကားကွင်း အနောက်ဘက် ယူကလစ်တောအနီး၊ မြို့ပတ်လမ်းဘေးနှင့် မူဆယ်တောင်ရပ်ကွက် ရေတွင်းဝိုင်းအနီးရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၀ ကျော်ကို စစ်ဆေးမေးမြန်း၍ စာရင်းများကောက်ယူခဲ့ကြောင်း သိရသည်။

UAB ဘဏ်အနေဖြင့် ဆင်းရဲနွမ်းပါးသူ အခြေခံလူတန်းစားများအား လူမျိုးဘာသာမရွေး အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်နှုန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဩဂုတ် ၁၆ ရက်မှစ၍ လှူဒါန်းသွားမည်ဖြစ်ကာ မူဆယ်မြို့နယ်တွင်လည်း အိမ်ထောင်စု ၃၀၀ အတွက် လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

## ပုဂံခေတ် ရှေးဟောင်းစေတီများနှင့် နံရံဆေးရေးပန်းချီများရှိရာ ဆားလည်ဒေသကို ထိန်းသိမ်းမှုများ လုပ်ဆောင်နေ

ချောက် ဇူလိုင် ၃၁

ချောက်မြို့နယ် ဆားလည်ကျေးရွာအုပ်စုရှိ ပုဂံခေတ်ရှေးဟောင်းဘုရားစေတီ ၄၁ ဆူနှင့် ကျောက်စာများ၊ နံရံဆေးရေးပန်းချီများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မကွေးဌာနခွဲ)က ထိန်းသိမ်းမှုများလုပ်ဆောင်နေကြောင်း ဌာနတာဝန်ရှိသူထံမှ သိရသည်။

ဘုရားစေတီများမှာ ၁၂ ရာစုနှင့် ၁၃ ရာစုနှောင်းပိုင်း လက်ရာများဖြစ်ပြီး အတွင်းနံရံများတွင် ဆေးရေးပန်းချီ ၅၅၀ နိပါတ်တော်ပုံများ၊ ဆင်းတုတော်၏ လက်ဝဲလက်ယာများတွင် အဂ္ဂသာဝက၊ မဟာသာဝကပုံတော်များ၊ ဂူဘုရားအမှတ်(၁၃)တွင် နောင်ပွင့်တော်မူမည့် အရိမေတ္တယျဘုရား၏ပုံတော်နှင့် စွယ်တော်လေးဆူပုံများ၊ ပုဂံခေတ် တူရိယာတီးခတ်သည့်ပုံများ၊ တိရစ္ဆာန်ပုံများနှင့် ပုဂံသားတို့၏ ဝတ်စားဆင်ယင်မှုပုံများ ရှိနေသည်။

“ အရင်တုန်းက ဘုရားစေတီအလွန်ပေါများတဲ့ ဒေသကြီးပါ။ သဘာဝဘေးဒဏ်တွေကြောင့် ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်က လှုပ်ခဲ့တဲ့ ငလျင်ကြောင့် ဘုရား ၁၄ ဆူ ထိခိုက်ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာ သဘာဝဘေးအန္တရာယ်ရန်ပုံငွေနဲ့ ပြန်လည်ထိန်းသိမ်းခဲ့သလို ကျွမ်းကျင်အင်ဂျင်နီယာတွေနဲ့ နှစ်စဉ်ရေရှည်တည်တံ့အောင် ထိန်းသိမ်းနေပါတယ်။ အင်ဂျင်နီယာတွေက ကြီးကြပ်ပြီး ဂူဘုရားတွေကို ကျွမ်းကျင်တဲ့ ပန်းရန်ပညာရှင်တွေနဲ့ ပြုပြင်ထိန်းသိမ်းနေတာပါ” ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ သုတေသနလက်ထောက်(၄) ဦးမြင့်ဆွေက ရှင်းပြသည်။

ဆားလည်ရွာနှင့် အနီးကပ်ဆုံးစေတီဘုရားများမှာ ရွာအဝင်ဝ၌ ဘုရားအမှတ်(၂)၊ (၃)နှင့် (၅)၊ ရွာထဲရှိ ဓမ္မသေန ကျောင်းတိုက်ထဲ၌ ဘုရားအမှတ်(၁၆)နှင့် ကျောက်စာတိုက်၊ ရွာ၏မြောက်ဘက် မြောက်ချောင်းအနီးတွင် ဘုရားအမှတ်(၁)၊ ရွာ၏ တောင်ဘက်တွင် ဘုရားလေးဆူတို့ ရှိနေပြီး ကျန်ဘုရားများမှာ ရွာ၏ တောင်ဘက်ရှိ တောင်ကုန်းများတွင် တည်ရှိနေသည်။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မကွေးဌာနခွဲ)မှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက “ထိန်းသိမ်းတဲ့အပိုင်းမှာ ပထမဦးဆုံးအဆင့်က စာရင်းကောက် မှတ်တမ်းတင်ရပါတယ်။ ဘယ်လိုထိန်းသိမ်းမယ်ဆိုတဲ့ နည်းစနစ် ရှာဖွေရပါတယ်။ ခန့်မှန်းခြေ ကုန်ကျငွေစာရင်းတွေ တွက်ချက်တင်ပြရပါတယ်။ ခွင့်ပြုချက်နဲ့အညီ လုပ်ဆောင်ရပါတယ်”ဟု ပြောသည်။

ချောက်မြို့နယ်အတွင်း တည်ရှိသော ဆားလည်ဒေသသို့လာလျှင် ရေနံချောင်းမြို့ ၃၆ ရွာ အထက်တန်းကျောင်းဘေးလမ်းမှ အတွင်းသို့ မြေသားလမ်းအတိုင်း ခြောက်မိုင်ခန့် ဝင်ရကြောင်း၊ ၁၉၆၂ ခုနှစ်ခန့်ကတည်းက စတင်ထိန်းသိမ်းလာခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု ဒေသစ် တစ်ခုဖြစ်၍ သုတေသနပြုသူများ၊ ပြည်တွင်း ပြည်ပခရီးသည်များ လာရောက်လည်ပတ်မှုများနေကြောင်း ဆားလည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထံမှ သိရသည်။ **ဇေယျာတု(မကွေး)**



ဆားလည်ဒေသရှိ ပုဂံခေတ်ပုံစံ စေတီတစ်ဆူ

## ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြ

ရမည်းသင်း ဇူလိုင် ၃၁

လယ်ယာလုပ်သား ရှားပါးမှုလျော့ချခြင်းနှင့် တောင်သူများ လယ်ယာသုံးစက်ကိရိယာ ပိုမိုသုံးစွဲလာနိုင်စေရန် ရည်ရွယ်၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြသခြင်းကို ဇူလိုင် ၂၉ ရက်က ရမည်းသင်းမြို့နယ် ရွှေကူကျေးရွာ တောင်သူဦးသံချောင်း၏ ဦးပိုင်အမှတ် (၄၀က/၁) ကွင်း အမှတ် (၁၁၆၂) ၌ သရုပ်ပြသသည်။

ထို့အတူ ဇူလိုင် ၂၅ ရက်က ဆည်ကြီးကျေးရွာ တောင်သူ ဦးအောင်စိုးမိုး၏ ဦးပိုင်အမှတ် (၁၀) ကွင်းအမှတ်(၁၁၆၄)တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲ အခမ်းအနားကျင်းပရာ ရမည်းသင်းခရိုင် အမှတ် (၂၈) စက်မှုလယ်ယာစခန်းမှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြောင်း သိရသည်။ ကိုကိုရှုပ

## လဟယ်မြို့နယ်မှ စပါးခင်း၌ စပါးရွက်ခြောက်ရောဂါပိုးကျ

လဟယ် ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ယွန်းတိုင်းကျေးရွာမှ တောင်ယာစိုက်ခင်း (ဒေသအခေါ် ကျောက်ထွေမျိုးစပါးခင်း) တွင် စပါးပင်များ အရွက်ခြောက် သေဆုံးနေကြောင်း ကျေးရွာမှ သတင်းပေးပို့ချက်အရ လဟယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဇူလိုင် ၂၇ ရက်တွင် အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ တောင်ယာစပါးခင်းတွင် ကျရောက်နေသော ရောဂါပိုးမှာနေရာကွက်ကျား ကျရောက်နေသည့်အတွက် အခြားစပါးခင်းများသို့ ပြန့်ပွားမှုမရှိအောင် ကာကွယ်တားဆီးရန်အတွက် ပိုးသတ်ဆေးနှင့် မှိုသတ်ဆေး ငါးလီတာနှင့် ပိုးသတ်ဆေးဖျန်းဘူးကို ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံထံသို့လည်း တင်ပြထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းလင်းထံမှ သိရသည်။ ရှားဆက်(ပြန်/ဆက်)

## ပင်လောင်း၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းနှင့် Cash for Work စီမံကိန်း ဆောင်ရွက်ရန် ငွေကျပ်သိန်း ၂၃၀၀ ပေးအပ်

ပင်လောင်း ဇူလိုင် ၃၁

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းနှင့် Cash for Work စီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၂၃၀၀ ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင် ၂၉ ရက်က လွှဲပြောင်းပေးအပ်သည်။

ပင်လောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ ၌ ကျင်းပသည့် ရန်ပုံငွေပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းဆွေနှင့် တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးကိုကိုနိုင်တို့က အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်ဝင်းက စီမံကိန်းလုပ်ငန်းစဉ်များ ပြောကြားကာ စီမံကိန်းဆောင်ရွက်မည့်ကျေးရွာများမှ ကော်မတီဝင်များထံသို့ တာဝန်ရှိသူများက ရန်ပုံငွေကျပ်သိန်း ၂၃၀၀ ကို လွှဲပြောင်းပေးအပ်ကြသည်။

ပင်လောင်းမြို့နယ်၌ ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်းကို နဂါးပတ်၊ ပင်ထုံ၊ ထီဗွာမြောက်၊ ရေကန်လောင်၊ တပိုင်မှူး၊ စိန်သောင်၊ ပင်တီးတောင်၊ ပင်တီးမြောက် ကျေးရွာများနှင့် Cash for Work စီမံကိန်းကို ရွာကြီး၊ ဆီဆုံကုန်ကြီး၊ ကျောက်မိုး၊ ပင်သပြေရွာသစ်၊ ကပ္ပတိန်၊ ပင်ခင်ရှေ့၊ တကူမို့ကျေးရွာများ၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းသူ



# မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေ အစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေ တစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါစီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**ရမ်းဗြဲမြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင် ဖော်ပြထားသည့်အချိန်နှင့် နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည်တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ် ဖော်ပြပါရှိသည့် လိုအပ်သောအရည်အချင်းသတ်မှတ်ချက်များ မိမိတို့ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| **ဝယ်ယူသည့်ဌာန** | ၁။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရမ်းဗြဲမြို့နယ် |
| **တာဝန်ခံအရာရှိ** | ၁။ ဦးကောင်းမြတ်၊ ဦးစီးအရာရှိ(မြို့ပြ)<br>ဖုန်း-၀၉-၇၉၄၅၂၈၄၇၉၊ ၀၉-၈၉၄၈၄၁၂၁၄ |
| **တည်ဆောက်မှုလုပ်ငန်း ဖော်ပြချက်** | (Lot.1) ဦးဂ-ကျောက်သံခဲကျေးရွာချင်းဆက်မြေသားလမ်း (၂/၀x၁၈'x၂') လုပ်ငန်းပေါ်တွင် ဖြူးကျောက်စရစ် (သို့မဟုတ်) တောင်ဖြုန်း (ကျောက်ရောမြေနီ) (၄") ထုခင်းခြင်းနှင့် ကွန်ကရစ်တံတား (၂)စင်း (၁၅'x၁၈')၊ (၂၀'x၁၈') တည်ဆောက်ခြင်းလုပ်ငန်း (အကြီးစားလုပ်ငန်း)<br>(Lot.2) ကျောက်တွေ-ကျောက်ချောင်းပြင်ကျေးရွာချင်းဆက် မြေသားလမ်း(၂/၀x၁၈'x၂') လုပ်ငန်းပေါ်တွင် ဖြူးကျောက်စရစ်(သို့မဟုတ်) တောင်ဖြုန်း (ကျောက်ရောမြေနီ) (၄") ထုခင်းခြင်းနှင့် ကွန်ကရစ်တံတား (၂)စင်း ၂(၂၀'x၁၈')၊ Box Culvert ၅ စင်း ၅(၅'x၁၈') တည်ဆောက်ခြင်းလုပ်ငန်း (အကြီးစားလုပ်ငန်း) |
| **တည်ဆောက်မည့်နေရာ** | (Lot.1) ဦးဂ-ကျောက်သံခဲကျေးရွာချင်းဆက်လမ်း၊ ဦးဂကျေးရွာအုပ်စု<br>(Lot.2) ကျောက်တွေ-ကျောက်ချောင်းပြင်ကျေးရွာချင်းဆက်လမ်း၊ ကျောက်တွေ ကျေးရွာအုပ်စု၊ ကျောင်းပြိန်အုပ်စု |
| **အရည်အသွေးစံချိန်စံညွှန်းများ** | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ |
| **ဝယ်ယူမှုနည်းလမ်း** | အကြီးစားလုပ်ငန်း၊ အလတ်စားလုပ်ငန်း |
| **အရည်အချင်းသတ်မှတ်ချက်များ** | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး ၁ ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေး တည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၉-၂၀၂၀၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမ်းဗြဲမြို့။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန်** | ၄-၈-၂၀၂၀ မှ ၃၁-၈-၂၀၂၀ ရက်အထိ<br>နေ့စဉ် နံနက် ၉:၃၀နာရီ မှ<br>ညနေ ၁၆:၃၀နာရီအထိ။ |
| **တင်ဒါစာရွက်စာတမ်း ကျသင့်ငွေ** | အကြီးစား ကျပ်၁၀၀၀၀ ၊<br>အလတ်စား ကျပ်၅၀၀၀ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမ်းဗြဲမြို့။ |
| **တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန်** | ၁-၉-၂၀၂၀ ရက်<br>နံနက် ၁၀:၀၀နာရီ |

**စီမံကိန်းမန်နေဂျာ**

ဦးကောင်းမြတ်၊ ဦးစီးအရာရှိ (မြို့ပြ)

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရမ်းဗြဲမြို့နယ်

ဖုန်း-၀၉-၇၉၄၅၂၈၄၇၉

# မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါ မြို့နယ်ရှိ အောက်ပါ စီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**မာန်အောင်မြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့် အချိန်နှင့်နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့် လိုအပ်သောအရည်အချင်းသတ်မှတ်ချက်များ မိမိတို့ ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| **ဝယ်ယူသည့်ဌာန** | ၁။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မာန်အောင်မြို့နယ်။ |
| **တာဝန်ခံအရာရှိ** | ၁။ ဦးသန်းနိုင်ဦး၊ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ)<br>ဖုန်း-၀၉-၄၀၁၅၉၅၉၅၄ |
| **တည်ဆောက်မှု လုပ်ငန်းဖော်ပြချက်** | (Lot.1) တောထူ-ဇီးတောကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း (၁/၁မိုင်x၁၄'x၁၄") (အကြီးစားလုပ်ငန်း)<br>(Lot.2) လက်မဲပြင်-ကန်းဇွန်းကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်း(၀/၅.၂၂x၁၄'x၁၄") (အကြီးစားလုပ်ငန်း)<br>(Lot.3) တောင်ပြင်ကျေးရွာအဝင်လမ်း ကျောက်ချောလမ်း (၀/၃x၁၄'x၁၄") (အကြီးစားလုပ်ငန်း) |
| **တည်ဆောက်မည့်နေရာ** | (Lot.1) တောထူ-ဇီးတောကျေးရွာချင်းဆက်လမ်း၊ တောထူအုပ်စု<br>(Lot.2) လက်မဲပြင်-ကန်းဇွန်းကျေးရွာချင်းဆက်လမ်း၊ကန်းဇွန်းအုပ်စု<br>(Lot.3) တောင်ပြင်ကျေးရွာအဝင်လမ်း၊ ကင်းတဲအုပ်စု |
| **အရည်အသွေးစံချိန်စံညွှန်းများ** | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ။ |
| **ဝယ်ယူမှုနည်းလမ်း** | အကြီးစားလုပ်ငန်း၊အလတ်စားလုပ်ငန်း |
| **အရည်အချင်းသတ်မှတ်ချက်များ** | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁ နှစ် ရှိရမည်။<br>* အရည်အချင်းမီအင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး ၁ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေး တည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၉-၂၀၂၀ ၏ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များပေးဆောင်ထားကြောင်း အထောက်အထားတင်ပြရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ |
| **တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မာန်အောင်မြို့။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန်** | ၄-၈-၂၀၂၀ ရက် မှ ၃၁-၈-၂၀၂၀ရက် အထိ<br>နေ့စဉ် နံနက် ၉:၃၀ နာရီမှ<br>ညနေ၁၆:၃၀ နာရီထိ |
| **တင်ဒါစာရွက်စာတမ်းကျသင့်ငွေ** | အကြီးစား(၁၀၀၀၀)ကျပ်၊<br>အလတ်စား(၅၀၀၀)ကျပ်။ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မာန်အောင်မြို့။ |
| **တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသောနောက်ဆုံးအချိန်** | ၁-၉-၂၀၂၀ ရက်<br>နံနက် ၁၀:၀၀ နာရီ။ |

**စီမံကိန်းမန်နေဂျာများ**

၁။ ဦးသန်းနိုင်ဦး၊ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊
မာန်အောင်မြို့နယ်
ဖုန်း-၀၉-၄၀၁၅၉၅၉၅၄

# မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါ မြို့နယ်ရှိ အောက်ပါ စီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**တောင်ကုတ်မြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့် အချိန်နှင့် နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့်လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များဖြင့် မိမိတို့ ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| **ဝယ်ယူသည့်ဌာန** | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| **တာဝန်ခံအရာရှိ** | ဒေါ်စန်းစန်းအေး၊ဦးစီးအရာရှိ(မြို့ပြ)၊<br>ဖုန်း-၀၉-၄၉၆၆၈၀၀၁၊၀၉-၇၉၇၇၀၂၄၈၁ |
| **တည်ဆောက်မှုလုပ်ငန်း ဖော်ပြချက်** | Lot-1 တောင်ကုတ်-မအီလမ်းပေါ်မှ ဝေ-သိမ်ကျောင်းပြင်-အောင်ဆိပ်ပြင်ကျေးရွာချင်းဆက်လမ်း အရှည် (၄မိုင် ၇ ဖာလုံ)အား အကျယ် ၂၀ပေ ရရှိရန် ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းဆောင်ရွက်ခြင်းနှင့် 4.27m အကျယ် 150mm ထု ဖြုန်းကျောက်စရစ်ဖြင့် အမာခံလမ်းခင်းပေးခြင်း၊ရေမြောင်းတူးပေးခြင်းနှင့် ၎င်းလမ်းပေါ်ရှိ 9.14m အရှည်၊ 4.27m အကျယ် သစ်သားတံတား (၂)စင်း တည်ဆောက်ခြင်း။<br>Lot-2 ကျေးပင်-ညောင်ပင်သာ-တပွန်ကျေးရွာချင်းဆက်လမ်း အရှည် (၃မိုင် ၂.၆ဖာလုံ)အား ၂၀ ပေ(6.1m) အကျယ်ရရှိစေရန် ဖို့မြေ/ဖြတ်မြေ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် 4.27m အကျယ်၊150mm ထု ဖြုန်းကျောက်စရစ် ဖြင့် အမာခံလမ်းခင်းပေးခြင်း၊ရေမြောင်းတူးပေးခြင်းနှင့် ၎င်းလမ်းပေါ်ရှိ (1.5mx1.5mx7.32m)Box Curlvert(၂)စင်း တည်ဆောက်ခြင်း။ |
| **တည်ဆောက်မည့်နေရာ** | ကျောက်ဝေကျေးရွာအုပ်စု (တောင်ကုတ်-မအီလမ်းပေါ်မှ ဝေ-သိမ်ကျောင်းပြင်-အောင်ဆိပ်ပြင်လမ်း)နှင့် ကြိုကိုင်းကျေးရွာအုပ်စု (ကျေးပင်-ညောင်ပင်သာ-တပွန်ကျေးရွာချင်းဆက်လမ်း) |
| **အရည်အသွေးစံချိန်စံညွှန်းများ** | ကျေးလက်လမ်းဦးစီးဌာနမှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ။ |
| **ဝယ်ယူမှုနည်းလမ်း** | အကြီးစား |
| **အရည်အချင်းသတ်မှတ်ချက်များ** | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး ၂ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေး တည်ငြိမ်မှုရှိရမည်။<br>* ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းရှိရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ။ |
| **တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ဝယ်ယူနိုင်မည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကုတ်မြို့။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ဝယ်ယူနိုင်မည့်အချိန်** | ၂-၈-၂၀၂၀ရက်မှ<br>၁-၉-၂၀၂၀ရက်အထိ<br>ရုံးဖွင့်ရက် နံနက် ၉:၃၀ နာရီမှ<br>၁၆:၀၀နာရီထိ |
| **တင်ဒါစာရွက်စာတမ်းကျသင့်ငွေ** | ၁၀၀၀၀ ကျပ် |
| **တင်ဒါတင်သွင်းရမည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကုတ်မြို့။ |
| **တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန်** | ၂-၉-၂၀၂၀ ရက်<br>နံနက် ၁၀:၀၀ နာရီ။ |

**စီမံကိန်းမန်နေဂျာ**

**ဒေါ်စန်းစန်းအေး**
**ဦးစီးအရာရှိ(မြို့ပြ)**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**တောင်ကုတ်မြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၄) ဆဋ္ဌမတန်း(ဂ)အောင်မှ မောင်သိန်းဇော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိန် ၁၃/တကန(နိုင်)၁၈၁၀၀၉ ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိန်**

## ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဘော်ဆိုင်း၊ အထက(၆)၊ Grade-10မှမောင်အောင်ငွေထွန်း၏ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၃/ကလန(နိုင်)၀၆၁၃၃၂ ဖြစ်ပါကြောင်း။

**ဦးမျိုးအောင်**

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက် အိမ်အမှတ် တ/၁၉၁နေ ဦးထွန်းမြ(ခ) ဦးထွန်းမြတ်၏သမီး မနော်စာရာ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၃-၂၀၀၁) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရပ်စောက်မြို့နယ်၊ ဆပ်သေ(အထက) တက္ကသိုလ်ဝန်ထမ်း(ECO)တွဲမှ မောင်စိမ်း၏ ဖခင်အမည်မှန်မှာ ဦးတဖေ ၁၃/ရစန(နိုင်)၀၇၉၃၆၄ ဖြစ်ပါကြောင်း။

**ဦးတဖေ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/1299 Yamaha Ray ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးပါရာကပ် ၁/ရကန(နိုင်)၀၂၇၆၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

